ကြည့်မြင်တိုင်

ဇေယျဝတီပိုက် — သုခါရာမကျောင်း

စာချဘုန်းတော်ကြီး

အရှင်ဉာဏမထေရ်

သည်

ပါဠိ အဋ္ဌကထာ ဋီကာစသော ကျမ်းဂန်တို့မှ

ထုတ်၍ပြအပ်သော

# ဥပသမ္ပဒ ကမ္မဝါစာ

# ဝိနိစ္ဆယ

---

အရှင်တေဇိန္ဒနှင့် အရှင်မေဓာနန္ဒတို့

ကြည့်ရှုပြင်ဆင်သည်။

(စာအုပ်ရေ ၁၀၀၀)

၁၃၂၆-ခု၊ နတ္တော်လ ၁၉၆၄-ခု၊

ပုံနှိပ်သူ ဓမ္မာရာပုံနှိပ်တိုက် ၁၂၂-၃၁ လမ်း၊ ရန်ကုန်မြို့။ မောင်မြသေ .င်၊ (၀၁၇၁)

ထုတ်ဝေသူ နေဝိုးရှိန်စာပေတိုက် ၂၂၂-၃၅-လမ်း၊ ရန်ကုန်မြို့။ မော [illegible] ဒြည်( [illegible] )

၅၃၇၃

ကြည့်မြင်တိုင်

ဇေယျဝတီတိုက် – သုခါရာမကျောင်း၊

စာချဘုန်းတော်ကြီး

အရှင်ဥာဏမထေရ်

သည်

ပါဠိ အဋ္ဌကထာ ဋီကာစသော ကျမ်းဂန်တို့မှ

ထုတ်၍ပြအပ်သော

# ဥပသမ္ပဒ ကမ္မဝါစာ

# ဝိနိစ္ဆယ

အရှင်တေဇိန္ဒနှင့်အရှင်မေဓာနန္ဒကို

ကြည့်ရှုပြင်ဆင်သည်။

(စာအုပ်ရေ ၁၀၀၀)

၁၃၂၆-ခု၊ နတ္တော်လ ၁၉၆၄-ခု၊

## ဥပသမ္ပဒ ကမ္မဝါစာ ဝိနိစ္ဆယ-ပြီးမြောက်ရန်

# ကူညီကြသော ပုဂ္ဂိုလ်တို့၏ စာရင်း

| | | | ကျပ် |
|---|---|---|---|
| ၁။ | ဦးဥက္ကဋ္ဌ | ကမာရွတ် ဇေယျဝတီတိုက်ဆရာတော် | ၈၀ |
| ၂။ | ဦးကောသလ္လ | ၎င်း | ၂၀ |
| ၃။ | ဦးဥတ္တမ | မင်္ဂလာဒုံဈေးရပ်-ဇေယျာသီရိကျောင်းဆရာတော် | ၅၀ |
| ၄။ | ဦးဝါသဝိန္ဒ | တိုက်ကြီးမြို့ ဇေတဝန်ကျောင်းဆရာတော် | ၃၀ |
| ၅။ | ဦးဉာဏဝံသ | တိုက်ကြီးမြို့ ဇေဝင်ကာရုံကျောင်းဆရာတော် | ၂၅ |
| ၆။ | ဦးအောင်ဖွား | တိုက်ကြီးမြို့ ကညင်းစန်းကျောင်းဆရာတော် | ၂၅ |
| ၇။ | ဦးသုနန္ဒတ | တိုက်ကြီးမြို့ ဇေယျဝတီကျောင်းဆရာတော် | ၂၀ |
| ၈။ | ဦးဝေပုလ္လ | ဒိုင်တလုပ်ကျောင်းဆရာတော် | ၂၅ |
| ၉။ | ဦးဥတ္တမ | ရှင်ဥတ္တမသာရကျောင်းဆရာတော် | ၂၀ |
| ၁၀။ | ဦးစန္ဒိမာ | ကော့ဒွန်းကျောင်းဆရာတော် | ၂၀ |
| ၁၁။ | ဦးနန္ဒတ | ဇေယျဝတီတိုက် ကြည့်မြင်တိုင် | ၂၅ |
| ၁၂။ | ဦးသုဇာတ | ၎င်း | ၂၅ |
| ၁၃။ | ဦးဇမ္ဗူဘိဝံသ | ၎င်း | ၂၅ |
| ၁၄။ | ဦးကမလာသန | ၎င်း | ၁၅ |
| ၁၅။ | ဦးအဂ္ဂဝံသ | ၎င်း | ၁၅ |
| ၁၆။ | ဦးဂဏာသာင် | ၎င်း | ၁၅ |
| ၁၇။ | ဦးတေဇ | ၎င်း | ၁၅ |
| ၁၈။ | ဦးတေဇဝန္တ | ၎င်း | ၁၀ |
| ၁၉။ | ဦးဓမ္မသိရိ | ဒလမြို့ ညောင်ကုန်း ဇေယျဝတီတိုက်ဆရာတော် | ၂၀ |
| ၂၀။ | အရှင်မေဓာနန္ဒ | ၎င်း | ၂၀ |
| ၂၁။ | ဦးသိရိ | ဒလမြို့ ပွဲစားတန်း မဟာသုခကျောင်းဆရာတော် | ၂၀ |
| ၂၂။ | ဦးပါရဂူ | ဒလမြို့၊ မြို့မဇေယျဝတီတိုက် | ၂၀ |
| ၂၃။ | ဦးကောဏ္ဍည | မင်းရွာ ဆိတ်ကြီး ပညာသိပ္ပမူလတန်းကျောင်း ဆရာတော် | ၂၀ |
| ၂၄။ | ဦးဝိမလ | ပိဋကတိုက်ကျောင်း၊ ပုဇွန်တောင် | ၅ |

# ဥပသမ္ပဒကမ္မဝါစာ ဝိနိစ္ဆယကို ပြဆိုခြင်း၏

# နိဒါန်း

ဘုရားရှင်၏ သာသနာတော်ကို သက်ဝင်ယုံကြည်၍ သာသနာ့ဝန်ထမ်း ရဟန်း၏အဖြစ်ဖြင့် သာသနာတော်သို့ ဝင်ရောက်၍ သာသနာ့ဝန်ကို ထမ်းဆောင် လျှက်နေလိုကြကုန်သော ရဟန်းလောင်းတို့ကို ရဟန်းပြုပေးကြကုန်သောထေရ် အရှင်တို့သည် တဦးတယောက်သောရဟန်းလောင်းကို ရဟန်းပြုကြရာ၌ ဘုရား ရှင်ဟောပြအပ်သော ဥပသမ္ပဒကမ္မဝါစာဖြင့် ရဟန်းပြုကြခြင်းကြောင့် ဝိဝါဒ ဖြစ်ပွါး၍ အငြင်းများခြင်းမရှိကြကုန်။ ။

ရဟန်းလောင်းနှစ်ပါး၊ နှစ်ပါးထက် မိုလွန်သော ရဟန်းလောင်းတို့ကို တပြိုင်တည်း ရဟန်းပြုရန် ဘုရားရှင်သည်-

**အနုဇာနာမိ ဘိက္ခဝေ ဒွေတယော**
**ဧကာနုဿာဝနေကာတုံ။ ။**

ဟု ဟောပြခွင့်ပြုတော်မူပြီး တပြိုင်တည်းရဟန်းပြုရာ၌ ဤပုံဤနည်း ကမ္မဝါစာကို ရွတ်ဘာသ်အပ်၏ဟု ရွတ်ဘာသ်အပ်သော ကမ္မဝါစာကိုကား ဟောပြခြင်းပြုတော်မမူ။ ။

ထိုကြောင့်ရဟန်းလောင်းနှစ်ပါး၊နှစ်ပါးထက်မိုလွန်သောရဟန်းလောင်း တို့ကို ရဟန်းပြုရာ၌ထေရ်အရှင်တို့သည် ကမ္မဝါစာကို မိမိတို့နှစ်သက်ကြသလို အမျိုးမျိုးရွတ်ဘာသ်၍ ရဟန်းပြုကြကုန်၏။ ။

ဘုရားရှင်၏ အလိုတော်ကို သိမြင်တော်မူသော အဋ္ဌကထာ ဆရာသည်- ဘုရားရှင်၏အလိုတော်ကျ-

# (၁) နိဒါန်း

ဧကေန ဧကဿ, အညေန ဣတရဿာတိ
ဧဝံ ဒွိဟိဝါအာစရိယေဟိ ဧကေကဿ
ကမ္မဝါစံ အနုဿာဝေန္တေဟိ ဥပသမ္ပာဒေတုံ
အနုဇာနာမီတိဟာတ္ထော။ ။

ဟု တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်အပ်သောနည်းကို ထုတ်ဖော်၍ ပြဆို၏။ ။

ထိုပြဆိုချက်ကား။ ။ရဟန်းလောင်း နှစ်ပါးဖြစ်လျှင် ၎င်း ရ ဟန်းလောင်းနှစ်ပါးကို ကမ္မဝါစာ ဆရာနှစ်ပါးတို့က တပါးစီ တပါးစီ အသီးသီး ငဲ့လျှက် တပြိုင်တည်းကမ္မဝါစာရွတ်ဘာသ်ခြင်းကိုပြုအပ်၏။ ။

ရဟန်းလောင်းသုံးပါးဖြစ်လျှင် ၎င်းရဟန်းလောင်းသုံးပါးကိုကမ္မဝါစာ ဆရာသုံးပါးတို့က တပါးစီ တပါးစီအသီးသီးငဲ့လျှက် တပြိုင်တည်းကမ္မဝါစာ ရွတ်ဘာသ်ခြင်းကို ပြုအပ်၏ ဤသို့တပြိုင်တည်းကမ္မဝါစာ ရွတ်ဘာသ်အပ်သော နည်းကိုပြဆို၏။ ။

ထိုသို့ပြဆိုအပ်ပါသော်လည်း ၎င်းဘာသ်နည်းဖြင့် ရွတ်ဘာသ်၍ ရဟန်းပြုကြကုန်သော ထေရ်အရှင်တို့သည် အနည်းငယ်မျှသာရှိကြကုန်သည်။ ။

ထိုကြောင့် ၎င်းဘာသ်နည်းကို ထင်ရှားစွာသိကြပြီးလျှင် ၎င်းဘာသ်နည်းဖြင့် ရဟန်းပြုနိုင်ကြရန်၎င်း။

ထိုမှတပါး တပြိုင်တည်းရဟန်းပြုအပ်သောနည်းတပါးကို အဋ္ဌကထာဆရာသည်-

ဧကေန အာစရိယေန ဒွေဝါ တယောဝါ
အနုဿာဝေတဗ္ဗာ။ ။

ဟု ထုတ်ဖော်၍ပြဆို၏။ ။

ထိုပြဆိုချက်ကား။ ။ရဟန်းလောင်း နှစ်ပါးကိုသော်ငှင်း၊ သုံးပါးကို သော်ငှင်း၊ တပါးတည်းသော ကမ္မဝါစာဆရာက - တပြိုင်တည်းကမ္မဝါစာ ရွတ်ဘာသ်၍ရဟန်းပြုလိုသော်- ၎င်းရဟန်းလောင်းတို့ကို ဒွန်ကွဲ၍ ကမ္မဝါစာ ရွတ်ဘာသ်ခြင်းကို ပြုအပ်၏။ ဤသို့ပြဆိုသည်။ ။

ထိုသို့ ပြဆိုအပ်ပါသော်လည်း၊ ဥပသမ္ပဒကံကို ပြုရာ၌ ဒွန်ကမ္မဝါစာ ဘာသ်နည်းအမျိုးမျိုးရှိသည့်တို့တွင်-ဤမည်သော ဒွန်ကမ္မဝါစာဘာသ်နည်းဖြင့် ရွတ်ဘာသ်၍ တပြိုင်တည်း ရဟန်းပြုအပ်၏ဟု ရွတ်ဘာသ်ခြင်းငှါသင့်သော ဒွန်ကမ္မဝါစာကိုထုတ်ဖေါ်၍ ပြဆိုခြင်းမရှိခဲ့။ ထုတ်ဖေါ်ပြဆိုခြင်းမရှိသည်ဖြစ်၍ ဒွန်ကမ္မဝါစာဘာသ်နည်းဖြင့်ရဟန်းပြုကြရာ၌ ဝိဝါဒဖြစ်ပွါးလျက်ရှိကြသည်။ ။

ထိုကြောင့် ဥပသမ္ပဒကံကိုပြုရာဝယ် ကျမ်းဂန်ဒေသနာတော်၌ ပြဆိုအပ်သော ဒွန်ကမ္မဝါစာတို့နှင့်လျော်ညီစွာ ဥပသမ္ပဒကံကို ပြုရာ၌ ရွတ်ဘာသ်ကိုက်သော ဒွန်ကမ္မဝါစာ အမျိုးမျိုးတို့ကို သိရှိကြပြီးလျှင် ထိုဒွန်ကမ္မဝါစာအမျိုးမျိုးတို့တွင် မိမိတို့ကြိုက်နှစ်သက်အပ်သောဒွန်ကမ္မဝါစာဖြင့် ရဟန်းပြုနိုင်ကြရန်ငှာ။

ဤသို့သော ရည်ရွယ်ချက်ဖြင့် ဤဥပသမ္ပဒကမ္မဝါစာ ဝိနိစ္ဆယကို ပါဠိတော် အဋ္ဌကထာ ဋီကာစသော ကျမ်းဂန်တို့၏ ပြဆိုချက်အရ ထုတ်ဖေါ်၍ပြဆိုခြင်းကြောင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်လျက် ရှိကြကုန်သော ထေရ်အရှင်တို့သည်၊ ၎င်းဥပသမ္ပဒ ကမ္မဝါစာ ဝိနိစ္ဆယကို လေ့လာဆည်းဘူးကြည့်ရှုကြပြီးလျှင် ထိုဝိနိစ္ဆယ၌ပြဆိုအပ်သော တပြိုင်တည်းရွတ်ဘာသ်၍ရဟန်းပြုအပ်သောနည်းတို့တွင် မိမိတို့ နှစ်သက်အပ်သောနည်းဖြင့် ဥပသမ္ပဒကံကို ပြီးမြောက်အောင်မြင်ရန် ပြုလုပ်ရွက်ဆောင်ကုန်ရာသည်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ နံပါတ် |
|---|---|---|
| ၁။ | ဥပသမ္ပဒကမ္မာရိုးရိုးကိုပြဆိုခြင်း | ၁ |
| ၂။ | ဥပသမ္ပဒ ကမ္မဝါစာ | ၁၄ |
| ၃။ | ရဟန်းလောင်း နှစ်ပါး သုံးပါးတို့ကို တပြိုင်တည်း ရဟန်းပြုလျှင် အစ်သည်၏ အဖြစ်ကိုပြဆိုခြင်း | ၁၆ |
| ၄။ | တပြိုင်တည်းကမ္မဝါစာရွတ်ဘာသ်ရာ၌ ပဌမနည်းတမျိုးကို ပြဆိုခြင်း | ၁၈ |
| ၅။ | ၎င်းဒုတိယနည်းတမျိုးကို ပြဆိုခြင်း | ၂၂ |
| ၆။ | ၎င်းတတိယနည်းတမျိုးကို ပြဆိုခြင်း | ၂၅ |
| ၇။ | ဒွန်ကမ္မဝါစာကို ပြဆိုခြင်း | ၂၇ |
| ၈။ | စယာသိတ ဒွန္ဒကမ္မဝါစာ | ၃၀ |
| ၉။ | ၎င်းဝိနိစ္ဆယ | ၃၂ |
| ၁၀။ | အသြ သဒ္ဒါတချက်တည်း ရှိသင့်ကြောင်းကို ပြဆိုခြင်း | ၃၅ |
| ၁၁။ | ဆရာတော်ကြီးများ၏ ရွတ်ဘာသ်နည်း | ၃၈ |
| ၁၂။ | အင်္ဂါသိတ ဒွန္ဒကမ္မဝါစာ | ၃၉ |
| ၁၃။ | ၎င်းနိစ္ဆယ | ၄၁ |
| ၁၄။ | ပရိပုဏ္ဏံတေသံပတ္တစီဝရံဟု ထားသင့်ကြောင်းကိုပြဆိုခြင်း | ၄၄ |
| ၁၅။ | ပရိပုဏ္ဏသဉ္ဇ အသြသဒ္ဒါသည် တသဒ္ဒါ၏ ကာရိယ ဖြစ်သင့်ကြောင်းကို ပြဆိုခြင်း | ၄၆ |
| ၁၆။ | သမာသဒ္ဒန္ဒ ကမ္မဝါစာ | ၄၉ |
| ၁၇။ | ၎င်းဝိနိစ္ဆယ | ၅၁ |
| ၁၈။ | ရဟန်းလောင်းသုံးပါးထက်ပို၍ တပြိုင်တည်းရဟန်းမပြုအပ်ကြောင်းကို ပြဆိုခြင်း | ၅၂ |
| ၁၉။ | နိဂုဏ်းကိုရွတ်ဘာသ်အပ်သော အကြိမ်ကိုပြဆိုခြင်း | ၅၅ |
| ၂၀။ | ဒွန်ရဟန်းလောင်းဆုံးမစာ | ၅၆ |
| ၂၁။ | ဩဝါဒကထာ | ၆၀ |



ကျမ်းပြုအရှင်၏ ပုံတော်

# ဥပသမ္ပဒ ကမ္မဝါစာရိုးရိုးကို ပြဆိုခြင်း။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။ ။

ပဌမံ၊ ရှေးဦးစွာ။ ဥပသမ္ပဒါပေက္ခော၊ ရဟန်းလောင်းကို။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ ဂါဟာပေတဗ္ဗော၊ ယူစေအပ်၏။ ။

ဣတိ၊ ဤသို့။ ဝစနတော၊ ရှင်တော်ဘုရား ဟောကြား မိန့်မှာတော်မူခြင်း ကြောင့်။ နာဂ၊ နာဂ - မည်သော ရဟန်းလောင်း။ တွံ၊ သင်သည်။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ် ဆရာကို။ ဂဏှာဟိ၊ ယူဦးလော့။ ။

### ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ ။

ဘန္တေ၊ အရှင်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ မေ၊ ဘုရားတပည့်တော် ၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါဘုရား။ ။

(ဤသို့ဆို၍ ဥပဇ္ဈာယ်ယူခြင်း)

### ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။ ။

ဥပဇ္ဈံ၊ ဥပဇ္ဈာယ် ဆရာကို။ ဂါဟာပေတွာ၊ ယူစေပြီး၍။ ဥပသမ္ပဒါ ပေက္ခဿ၊ ရဟန်းလောင်းအား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ။

ဣတိ၊ ဤသို့။ ဝစနတော၊ ရှင်တော်ဘုရား ဟောကြား မိန့်မှာတော်မူခြင်း ကြောင့်။ နာဂ၊ နာဂ-မည်သော ရဟန်းလောင်း။ တေ၊ သင့်အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အယံ၊ ငါသည်။ အာစိက္ခိဿံ၊ ပြောကြားပေအံ့။ ။

အယံပတ္တော၊ သင်၏မျက်မှောက်၌ရှိသော ဤသပိတ်သည်။ တေ၊သင်၏၊ ပတ္တော၊ ကိုယ်ပိုင်ဖြစ်သောသပိတ်တည်း။ ။

အယံသင်္ဃာဋိ၊ သင်၏ ပခုံးတဘက်၌ တင်ထားအပ်သော ဤနှစ်ထပ်သက်န်းသည်။ တေ၊ သင်၏။ သင်္ဃာဋိ၊ ကိုယ်ပိုင်ဖြစ်သော နှစ်ထပ်သင်္ကန်းတည်း။ ။

အယံဥတ္တရာသင်္ဂေါ၊ သင်၏ကိုယ်၌ဝတ်ဆင်ထားအပ်သော ဤကိုယ်ဝတ်သင်္ကန်းသည်။ တေ၊ သင်၏။ဥတ္တရာသင်္ဂေါ၊ ကိုယ်ပိုင်ဖြစ်သော ကိုယ်ဝတ်ကေသီသင်္ကန်းတည်း။ ။

အယံအန္တရဝါသကော၊ သင်၏ခါး၌ ဝတ်ဆင်ထားအပ်သော ဤခါးဝတ်သင်းပိုင်သည်။ တေ၊ သင်၏။ အန္တရဝါသကော၊ ကိုယ်ပိုင်ဖြစ်သော ခါးဝတ်သင်းပိုင်တည်း။ ။

## ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥပသမ္ပဒါပေက္ခံ၊ ရဟန်းလောင်းကို။ ကေမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။ အနုသာသိတွာ၊ ဆုံးမပြီးသော်သာလျှင်။ သံဃမဇ္ဈေ၊ သံဃအလယ်၌။ အန္တရာယိကေ၊ အန္တရာယ်ကိုပြုတတ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ပုစ္ဆိတုံ၊ စစ်ဆေးမေးမြန်းခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ။

ဣတိ၊ ဤသို့။ ဝစနတော၊ ရှင်တော်ဘုရား ဟောကြားမိန့်မှာတော်မူခြင်းကြောင့်။ နာဂ၊ နာဂ-အမည်ရှိသော ရဟန်းလောင်း၊ တွံ၊ သင့်ကို။ သံဃမဇ္ဈေ၊ သံဃအလယ်၌။ ယသ္မာ၊ အကြင့်ကြောင့်။ န အနုသာသိတဗ္ဗော၊ မဆုံးမအပ်။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားချေဦး။ ဂန္တွာ၊ သွားပြီး၍။ အမုမှိဩကာသေ၊ ဆုံးမခြင်းငှါ သင့်တင့်လျောက်ပတ်သော ဤမည်သောအရပ်၌။ တိဋ္ဌာဟိ၊ ရပ်တည်၍နေဦးလော့။ ။

သံဃမဇ္ဈေ၊ သံဃအလယ်၌။ လဒ္ဓသမ္မုတိကော၊ ရအပ်သောသမ္မုတိရှိသော ရဟန်းသည်။ တတ္ထ၊ သင်ရှိရာထိုအရပ်သို့။ အာဂန္တွာ၊ လာလတ်၍။ တံ၊ သင့်ကို။ အနုသာသိဿတိ၊ ဆုံးမလတ္တံ့။ ။

သုဏာတု မေ ဘန္တေ သံဃော။ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ယဒိသံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အနုသာ သေယျံ။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်အရှင်မြတ်သည်။ မေ၊ ဘုရားတပည့်တော်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူပါလော့။ နာဂေါ၊ နာဂ-အမည်ရှိသော ရဟန်းလောင်းသည်။ အာယသ္မတော၊ ရှည်သော သက်တော်ရှိသော။ တိဿဿ၊ တိဿ-အမည်ရှိသောမထေရ်အား၊ ဥပသမ္ပဒါပေက္ခော၊ ရဟန်းအဖြစ်ကိုငံ့၏။ သံဃဿ၊ သံဃာတော်အား။ ပတ္တကလ္လံ၊ လျှောက်ပတ်သောအခါရှိသောကာလသည်။ ယဒိသိယာ၊ အကယ်၍ ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ အဟံ၊ ဘုရားတပည့်တော်သည်။ နာဂံ၊ နာဂ-မည်သော ရဟန်းလောင်းကို။ အနုသာသေယျံ၊ ဆုံးမရာ၏။ ။

နာဂ၊ နာဂ-အမည်ရှိသော ရဟန်းလောင်း။ တံ၊ သင့်ကို။ အနုသာသိတုံ၊ ဆုံးမခြင်းငှါ။ သံဃမဇ္ဈေ၊ သံဃအလယ်၌။ အဟံ၊ ငါသည်။ သမ္မုတိံ၊ အနုသာသက သမ္မုတိကို။ လဘာမိ၊ ရခဲ့၏။ တသ္မာ၊ ထို့ကြောင့်။ တံ၊ သင့်ကို။ အနုသာသိဿာမိ၊ ဆုံးမပေအံ့။ တွံ၊ သင်သည်။ သုဏာသိ၊ နားစေ့စေ့ ထောင်။ ။အယံကာလော၊ ဤအခါကာလသည်။ တေ၊ သင်၏။သစ္စကာလော၊ မှန်သည်ကိုသာလျှောက်ဆိုအပ်သောအခါတည်း။ ဘူတကာလော၊ ဟုတ်သည်ကို သာ လျှောက်ဆိုအပ်သော အခါတည်း။ ။

ယံဓမ္မဇာတံ၊ အကြင် ဥပသမ္ပဒ အန္တရာယိက သဘော တရားသည်။ တဝ၊ သင်ရဟန်းလောင်း၏။ သရီရေ၊ ကိုယ်၌။ ဇာတံ၊ ဖြစ်၏။ တံဓမ္မဇာတံ၊ ထိုဥပသမ္ပဒ အန္တရာယိက သဘောတရားကို။ သံဃမဇ္ဈေ၊သံဃအလယ်၌၊ လဒ္ဓ သမ္မုတိကေ၊ ရအပ်သော သမ္မုတိရှိသော။ ဘိက္ခုသ္မိံ၊ ရဟန်းသည်။ ပုစ္ဆန္တေ၊ စစ်ဆေးမေးမြန်းသည်ရှိသော်။ တံ၊ ထိုဥပသမ္ပဒ အန္တရာယိက ဓမ္မသည်။ တဝ၊ သင်၏။ သရီရေ၊ ကိုယ်၌။ သန္တံ၊ ထင်ရှားရှိသည်ဖြစ်အံ့။ အတ္ထီတိ၊ ရှိပါဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ အသန္တံ၊ ထင်ရှားမရှိသည်ဖြစ်အံ့။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ မာခေါ ဝိတ္ထာယိ၊ ကြောက်ရွံ့၍ မတုန်မလှုပ်မဖြစ်လေလင့်။ မင်္ကု၊ မျက်နှာမသာမယာ။ မာခေါ အဟောသိ၊ မဖြစ်

လေလင့်။ ဇဝံ၊ ဤသို့။ တံ၊ သင့်ကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပုစ္ဆိဿန္တိ၊ မေးကြကုန်လတံ့။ ။

(၁) နာဂ၊ နာဂ-မည်သော ရဟန်းလောင်း။ တေ၊ သင်၏။ သရီရေ၊ ကိုယ်၌။ ကုဋ္ဌံ၊ နူနာရောဂါ။ ဂဏ္ဍော၊ အိုင်းအမာနာရောဂါ။ ကိလာသော၊ ပွေးညင်း တင်းဒိပ်နာရောဂါ။ သောသော၊ တဟုပ်ဟုပ် ချောင်းဆိုးပန်းနာမျိုးရောဂါ။ အပမာရော၊ ရူးသွပ်သော အနာမျိုးရောဂါ။ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။ အာဗာဓာ၊ အနာမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။ ဇဝံ၊ ဤသို့။ ပုစ္ဆိဿန္တိ၊ မေးကြကုန်လတံ့။ ဇဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တေ၊ သင်၏။ သရီရေ၊ ကိုယ်၌။ တေအာဗာဓာ၊ ထိုအနာမျိုးတို့သည်။ သဇေသန္တိ၊ အကယ်၍ရှိကုန်သည်ဖြစ်အံ့။ ဇဝံသန္တေသု၊ ဤသို့ရှိကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ သန္တိ၊ ရှိပါကုန်၏ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေနသန္တိ၊ အကယ်၍မရှိကုန်သည်ဖြစ်အံ့။ ဇဝံအသန္တေသု၊ ဤသို့မရှိကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ နသန္တိ၊ မရှိပါကုန်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၂) နာဂ၊ နာဂ-မည်သော ရဟန်းလောင်း။ တွံ၊ သင်သည်။ မနုဿော၊ လူသည်။ အသိ၊ ဖြစ်ပါ၏လော။ ဇဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ မေးကြကုန်လတံ့။ ဇဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တွံ၊ သင်သည်။ မနုဿော၊ လူသည်။ သစေအသိ၊ အကယ်၍ဖြစ်အံ့။ ဇဝံသတိ၊ ဤသို့ လူဖြစ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ ဩ-ဘုရား တပည့်တော်သည် လူဖြစ်ပါသည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေနအသိ၊ အကယ်၍ လူမဟုတ်သည်ဖြစ်အံ့။ ဇဝံအသတိ၊ ဤသို့ လူမဟုတ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ န အမှိ၊ ဘုရားတပည့်တော်သည် လူမဟုတ်ပါဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၃) နာဂ၊ နာဂမည်သောရဟန်းလောင်း။ တွံ၊ သင်သည်။ ပုရိသော၊ ယောကျ်ားသည်။ အသိ၊ ဖြစ်ပါ၏လော။ ဇဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ မေးကြကုန်လတံ့။ ဇဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တွံ၊ သင်သည်။ ပုရိသော၊ ယောကျ်ားသည်။ သစေအသိ၊ အကယ်၍ဖြစ်အံ့။ ဇဝံသတိ၊ ဤသို့ ယောကျ်ားဖြစ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့၊ အာမ၊ ဩ ဘုရားတပည့်တော်သည် ယောကျ်ားဖြစ်ပါသည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြား

အပ်၏။ သစေနအသိ၊ အကယ်၍ ယောက်ျားမဖြစ်အံ့။ ဧဝံအသတိ၊ ဤသို့
ယောက်ျားမဖြစ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ န အမှိ၊ ဘုရားတပည့်
တော်သည် ယောက်ျားမဟုတ်ပါဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြား
အပ်၏။ ။

(၄) နာဂ၊ နာဂမည်သောရဟန်းလောင်း။ တွံ၊ သင်သည်။ ဘုဇိဿော၊
သူတပါးကျွန်အဖြစ်မှ ကင်းလွတ်သောသူသည်။ အသိ၊ ဖြစ်ပါ၏လော။ ဧဝမ္ပိ၊
ဤသို့လည်း။ ပုစ္ဆိတသန္တော၊ မေးကြကုန်လတ်သော်။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြ
ကုန်သည် ရှိသော်။ တွံ၊ သင်သည်။ ဘုဇိဿော၊ သူတပါးကျွန်အဖြစ်မှ ကင်းလွတ်
သောသူသည်။ သစေအသိ၊ အကယ်၍ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ သူတပါး ကျွန်
အဖြစ်မှ ကင်းလွတ်သောသူ ဖြစ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊
ဩ- ဘုရားတပည့်တော်သည် သူတပါးကျွန်အဖြစ်မှ ကင်းလွတ်သောသူ ဖြစ်ပါ
သည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေ န အသိ၊ အကယ်၍
သူတပါးကျွန်အဖြစ်မှ ကင်းလွတ်သောသူ မဖြစ်အံ့။ ဧဝံ အသတိ ဤသို့ သူတပါး
ကျွန်အဖြစ်မှ ကင်းလွတ်သောသူ မဖြစ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။
နအမှိ၊ ဘုရားတပည့်တော်သည် သူတပါးကျွန်အဖြစ်မှ ကင်းလွတ်သောသူ
မဟုတ်ပါဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၅) နာဂ၊ နာဂ-မည်သော ရဟန်းလောင်း။ တွံ၊ သင်သည်။
အဏဏော၊ သူတပါးကြွေးမြီမရှိသောသူသည်။ အသိ၊ ဖြစ်ပါ၏လော။ ဧဝမ္ပိ၊
ဤသို့လည်း။ ပုစ္ဆိတသန္တော၊ မေးကြကုန်လတ်သော်။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်
သည်ရှိသော်။ တွံ၊ သင်သည်၊ အဏဏော၊ သူတပါးကြွေးမြီမရှိသောသူသည်။
သစေအသိ၊ အကယ်၍ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ သူတပါးကြွေးမြီမရှိသောသူ
ဖြစ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ ဩ-ဘုရားတပည့်တော်
သည် သူတပါးကြွေးမြီမရှိသောသူ ဖြစ်ပါသည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊
လျှောက်ကြားအပ်၏။ သစေ န အသိ၊ အကယ်၍ သူတပါးကြွေးမြီမရှိသောသူ
မဖြစ်အံ့။ ဧဝံအသတိ၊ ဤသို့ သူတပါးကြွေးမြီ မရှိသောသူ မဖြစ်သည်ရှိသော်။
ဘန္တေ၊ အရှင်ဘုရားတို့။ နအမှိ၊ သူတပါးကြွေးမြီမရှိသောသူမဟုတ်ပါဘုရား။
ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၆) နာဂ၊ နာဂ-မည်သောရဟန်းလောင်း။ တွံ၊ သင်သည်။ ရာဇ
ဘဋော၊ မင်းခစားယောက်ျားသည်။ နအသိ၊ မဖြစ်လေသလော။ ဧဝမ္ပိ၊

ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ မေးကြကုန်လတံ့။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တွံ၊ သင်သည်။ ရာဇဘဋော၊ မင်းခစားယောကျ်ားသည်။ သစေနအသိ၊ အကယ်၍ မဖြစ်အံ့။ ဧဝံအသတိ၊ ဤသို့ မင်းခစား ယောကျ်ား မဖြစ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ နအမှိ၊ ဘုရားတပည့်တော်သည် မင်းခစားယောကျ်ားမဟုတ်ပါဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေအသိ၊ အကယ်၍ မင်းခစားယောကျ်ားဖြစ်အံ့။ ဧဝံသတိ၊ ဤသို့မင်းခစားယောကျ်ားဖြစ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ ဩ-ဘုရားတပည့်တော်သည် မင်းခစားယောကျ်ားဖြစ်ပါသည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ လျှောက်ကြားအပ်၏။ ။

(၇) နာဂ၊ နာဂ-မည်သော ရဟန်းလောင်း။ တွံ၊ သင်သည်။ မာတာပိတူဟိ၊ မိဘတို့သည်။ အနုညာတော၊ ခွင့်ပြုအပ်သောသူသည်။ အသိ၊ ဖြစ်ပါ၏လော။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ မေးကြကုန်လတံ့။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တွံ၊ သင်သည်။ မာတာပိတူဟိ၊ မိဘတို့သည်။ အနုညာတော၊ ခွင့်ပြုအပ်သောသူသည်။ သစေအသိ၊ အကယ်၍ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ မိဘတို့က ခွင့်ပြုအပ်သောသူဖြစ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ ဩ-ဘုရားတပည့်တော်သည် မိဘတို့က ခွင့်ပြုအပ်သောသူဖြစ်ပါသည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေနအသိ၊ အကယ်၍ မိဘတို့က ခွင့်ပြုအပ်သောသူမဖြစ်အံ့။ ဧဝံ အသတိ၊ ဤသို့ မိဘတို့က ခွင့်ပြုအပ်သောသူမဖြစ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ နအမှိ၊ ဘုရားတပည့်တော်သည် မိဘတို့က ခွင့်ပြုအပ်သောသူမဟုတ်ပါဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၈) နာဂ၊ နာဂ-မည်သောရဟန်းလောင်း။ တွံ၊ သင်သည်။ ပရိပုဏ္ဏဝီသတိဝဿော၊ အသက်နှစ်ဆယ်ပြည့်သော သူသည်။ အသိ၊ ဖြစ်ပါ၏လော။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ မေးကြကုန်လတံ့။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တွံ၊ သင်သည်၊ ပရိပုဏ္ဏဝီသတိဝဿော၊ အသက်နှစ်ဆယ်ပြည့်သောသူသည်။ သစေအသိ၊ အကယ်၍ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ အသက်နှစ်ဆယ်ပြည့်သောသူဖြစ်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ ဩ-ဘုရားတပည့်တော်သည် အသက်နှစ်ဆယ်ပြည့်သောသူဖြစ်ပါသည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေနအသိ၊ အကယ်၍ အသက်နှစ်ဆယ်ပြည့်သောသူ မဖြစ်အံ့။ ဧဝံအသတိ၊ ဤသို့အသက်နှစ်ဆယ် ပြည့်သောသူ မဖြစ်သည်ရှိသော်။

ဘန္တေ၊ အရှင်ဘုရားတို့။ နအမှိ၊ ဘုရားတပည့်တော်သည် အသက်နှစ်ဆယ်ပြည့်သောသူမဟုတ်ပါဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၉) နာဂ၊နာဂ-မည်သော ရဟန်းလောင်း။ တေ၊ သင့်အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြီလော။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိ သယန္တိ၊ မေးကြကုန်လတံ့။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တေ၊ သင့်အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ သစေပရိပုဏ္ဏံ၊ အကယ်၍ ပြည့်စုံသည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့သပိတ်သင်္ကန်းပြည့်စုံသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ပရိပုဏ္ဏံ၊ သပိတ်သင်္ကန်းပြည့်စုံပါ၏ဘုရား။ဣတိ၊ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေအပရိပုဏ္ဏံ၊ အကယ်၍ သပိတ်သင်္ကန်းမပြည့်စုံသည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ သပိက်သင်္ကန်း မပြည့်စုံသည် ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အပရိပုဏ္ဏံ၊ သပိတ်သင်္ကန်းမပြည့်စုံပါဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၁၀) နာဂ၊နာဂ-မည်သော ရဟန်းလောင်း။ တွံ၊ သင်သည်။ ကိံနာမော၊ အဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်သနည်း။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိ သယန္တိ၊ မေးကြကုန်လတံ့။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အဟံ၊ ဘုရားတပည့်တော်သည်။ နာဂေါနာမ၊ နာဂအမည်ရှိပါသည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၁၁) နာဂ၊ နာဂ-မည်သော ရဟန်းလောင်း။ တေ၊ သင်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကောနာမော၊ အဘယ်အမည် ရှိသနည်း။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိ သယန္တိ၊ မေးကြကုန်လတံ့။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ မေ၊ ဘုရားကပည့်တော်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ အာယသ္မာ၊ ရှည်သော သက်တော် ရှိသော။ တိဿောနာမ၊ တိဿအမည်ရှိသော မထေရ်ဖြစ်ပါသည် ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

နာဂ၊ နာဂ-မည်သော ရဟန်းလောင်း။ သံဃမဇ္ဈေ၊ သံဃာအလယ်၌။ ဘိက္ခူသု၊ ရဟန်းတို့သည်။ တံ၊ သင့်ကို။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တေသံဘိက္ခူနံ၊ ထိုရဟန်းတို့အား။ ဝတ္တဗ္ဗဝစနံ၊ လျှောက်ကြားအပ်သောစကားကို။ တေ၊ သင့်အား။ မယာ၊ ငါသည်။ သိက္ခိတံ၊သင်ပြအပ်ပြီ။ဘိက္ခူသု၊ ရဟန်း

တို့သည်။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တေသံဘိက္ခူနံ၊ ထိုရဟန်းတို့အား။ ယထာသိက္ခိတံ၊ ငါသင်ပြအပ်သော အတိုင်း။ တွံ၊ သင်သည်။ ဝဒေဟိ၊ လျှောက်ကြားလော့။ မာခေါ်ဝိတ္ထာယိ၊ ကြောက်ရွံ့၍ မတုန်မလှုပ် မဖြစ်လေလင့်။ မင်္ကုံ၊ မျက်နှာ မသာမယာ။ မာခေါ် အဟောသိ၊ မဖြစ်လေလင့်။ ။

နာဂ၊ နာဂ - မည်သော ရဟန်းလောင်း။ တံ၊ သင့်ကို။ အနုသာသိတွာ၊ ဆုံးမပြီး၍။ သံဃမဇ္ဈံ၊ သံဃအလယ်သို့။ ဂစ္ဆန္တေ၊ သွားသည်ရှိသော်။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ အနုသာသကေန၊ ရဟန်းလောင်းကို ဆုံးမသော ရဟန်းသည်။ ဥပသမ္ပဒါပေက္ခေန၊ ရဟန်းလောင်းနှင့်။ ဧကတော၊ အတူတကွ။ နအာဂန္တဗ္ဗံ၊ သံဃအလယ်သို့ မလာအပ်။ ။

ဣတိ၊ ဤသို့။ ဝစနတော၊ ရှင်တော်ဘုရား ဟောကြားမိန့်မှာတော်မူခြင်းကြောင့်။ မယာ၊ ငါသည်။ တယာ၊ သင်နှင့်။ ဧကတော၊ အတူတကွ။ နဂန္တဗ္ဗံ၊ သံဃအလယ်သို့ မသွားအပ်။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ သင်သည်။ ဣဓေဝ၊ ဤအရပ်၌ပင်လျှင်။ တိဋ္ဌာဟိ၊ ခဏခေတ္တရပ်တည်၍ နေဦးလော့။ အာဂစ္ဆာဟိ၊ လာခဲ့လော့။ ဣတိ၊ ဤသို့။ အာမန္တိတေယေဝ၊ ခေါ်အပ်သော်သာလျှင်။ အာဂစ္ဆ၊ လာခဲ့ချေ။ ။

သုဏာတု မေ ဘန္တေ သံဃော။ နာဂေါ
အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။
အနုသိဋ္ဌော သော မယာ၊ ယဒိ သံဃဿ ပတ္တ
ကလ္လံ၊ နာဂေါ အာဂစ္ဆေယျ။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်အရှင်မြတ်သည်။ မေ၊ ဘုရားတပည့်တော်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူပါလော့။ နာဂေါ၊ နာဂအမည်ရှိသော ရဟန်းလောင်းသည်။ အာယသ္မတော၊ ရှည်သော သက်တော်ရှိသော။ တိဿဿ၊ တိဿ အမည် ရှိ သော မထေရ် အား။ ဥပသမ္ပဒါပေက္ခော၊ ရဟန်းအဖြစ်ကို ငံ့၏။ သော၊ ထိုနာဂအမည်ရှိသော ရဟန်းလောင်းကို။ မယာ၊ ဘုရားတပည့်တော်သည်။ အနုသိဋ္ဌော၊ ဆုံးမအပ်ပြီ။ သံဃဿ၊ သံဃာတော်အား။ ပတ္တကလ္လံ၊ လျှောက်ပတ်သော အခါရှိသော ကံသည်။ ယဒိ

သံယာ၊ အကယ်၍ဖြစ်အံ့။ ဓဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ နာဂေါ၊ နာဂ အမည်ရှိသော ရဟန်းလောင်းသည်။ အာဂစ္ဆေယျ၊ လာရာ၏။ ။

(လာခဲ့လော့ဟု ရဟန်းလောင်းကိုခေါ်)

ကေသံ ဥဇ္ဇုရာသင်္ ကာရာပေတွာ ဘိက္ခူနံ
ပါဒေ ဝန္ဒာပေတွာ ဥက္ကုဋိကံ နိသီဒါပေတွာ
အဉ္ဇလိံ ပဂ္ဂဏှာပေတွာ ဥပသမ္ပဒံ ယာစာ
ပေတဗ္ဗော။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥပသမ္ပဒါပေက္ခော၊ ရဟန်းလောင်းကို။ ကေသံ-ကေသမ္ပိ ဝါမအံသေ၊ လက်ဝဲတဘက် ပခုံးထက်၌။ ဥဇ္ဇုရာသင်္၊ ကိုယ်ဝတ်ကေသီကို။ ကာရာပေတွာ၊ စမ္ပါယ်တင်သည်ကို ပြုစေ၍၊ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒာပေတွာ၊ ရှိခိုးစေ၍။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်၊ နိသီဒါပေတွာ၊ ထိုင်စေ၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဏှာပေတွာ၊ ချီစေ၍၊ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ ယာစာပေတဗ္ဗော၊ တောင်းစေအပ်၏။ ။

ဣတိ၊ ဤသို့။ ဝစနတော၊ ရှင်တော်ဘုရား ဟောကြား မိန့်မှာတော်မူခြင်းကြောင့်။ နာဂ၊ နာဂ မည်သော ရဟန်းလောင်း။ တွံ၊ သင်သည်။ ကေသံ-ကေသမ္ပိ ဝါမအံသေ၊ လက်ဝဲတဘက် ပခုံးထက်၌။ ဥဇ္ဇုရာသင်္၊ ကိုယ်ဝတ်ကေသီကို။ ကရိတွာ၊ စမ္ပါယ်တင်သည်ကိုပြု၍။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒိတွာ၊ ထိုင်၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီ၍။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ ယာစာဟိ၊ တောင်းလော့။ ။

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ။ ဥလ္လုမ္ပတု
မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ။

ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ။
ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ
ဥပါဒါယ။ ။

တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ။
ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ
ဥပါဒါယ။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃံ၊ သံဃာတော်အရှင်မြတ်ကို။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ ယာစာမိ၊ တောင်းဆိုပါ၏။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်အရှင်မြတ်သည်။ မယိ၊ ဘုရားတပည့်တော်၌။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ မံ၊ ဘုရားတပည့်တော်ကို။ ဥလ္လုမ္ပတု-ဥဒ္ဓရတု၊ မည်းညစ်သော အကုသိုလ်အဘို့မှ ထုတ်နုတ်၍ ဖြူစင်သော ကုသိုလ်အဘို့၌ တည်ပါစေလော့။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ သံဃံ၊ သံဃာတော် အရှင်မြတ်ကို။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ ယာစာမိ၊ တောင်းဆိုပါ၏။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်အရှင်မြတ်သည်။ မယိ၊ ဘုရားတပည့်တော်၌။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ မံ၊ ဘုရားတပည့်တော်ကို။ ဥလ္လုမ္ပတု-ဥဒ္ဓရတု၊ ယုတ်နိမ့်သော သာမဏေအဖြစ်မှ ထုတ်နုတ်၍ မြင့်မြတ်သောရဟန်းအဖြစ်၌တည်ပါစေလော့။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ သံဃံ၊ သံဃာတော်အရှင်မြတ်ကို။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ ယာစာမိ၊ တောင်းဆိုပါ၏။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်အရှင်မြတ်သည်။ မယိ၊ ဘုရားတပည့်တော်၌။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ မံ၊ ဘုရားတပည့်တော်ကို။ ဥလ္လုမ္ပတု-ဥဒ္ဓရတု၊ သံသရာတည်းဟူသော ဝဲသြဃရေအယဉ်မှထုတ်နုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်ပါစေလော့။ ။

(ဤသို့ဆို၍ ရဟန်းအဖြစ်ကို တောင်းခိုင်း)

သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ
အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခော။
ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အန္တရာယိကေ
ဓမ္မေ ပုစ္ဆေယျံ။ ။

ဘန္တေ၊ အရှင်ဘုရားကို။ သံဃော၊ သံဃာတော်အရှင်မြတ်သည်။ မေ၊ ဘုရားတပည့်တော်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူပါလော့။ အယံ နာဂေါ၊ ဤနာဂမည်သော ရဟန်းလောင်းသည်။ အာယသ္မတော၊ ရှည်သော သက်တော်ရှိသော။ တိဿဿ၊ တိဿအမည်ရှိသော မထေရ်အား။ ဥပသမ္ပဒါ ပေက္ခော၊ ရဟန်းအဖြစ်ကိုငံ့၏။ သံဃဿ၊ သံဃာတော်အား။ ပတ္တကလ္လံ၊ လျောက်ပတ်သောအခါရှိသောကာလသည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ အဟံ၊ ဘုရားတပည့်တော်သည်။ နာဂံ၊ နာဂမည်သော ရဟန်းလောင်းကို။ အန္တရာယိကေ၊ အန္တရာယ်ကိုပြုတတ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ပုစ္ဆေယျံ၊ မေးရာ၏။ ။

နာဂ၊ နာဂမည်သော ရဟန်းလောင်း။ တွံ၊ သင်သည်။ သုဏာသိ၊ နားစေ့စေ့ထောင်။ အယံကာလော၊ ဤအခါကာလသည်။ တေ၊ သင်၏။ သစ္စကာလော၊ မှန်သည်ကိုသာ လျှောက်ဆိုအပ်သောအခါတည်း။ ဘူတကာလော၊ ဟုတ်သည်ကိုသာ လျှောက်ဆိုအပ်သောအခါတည်း။ ။

ယံဓမ္မဇာတံ၊ အကြင်ဥပသမ္ပဒ အန္တရာယိကသဘောတရားသည်။ တဝ၊ သင်၏။ သရီရေ၊ ကိုယ်၌။ ဇာတံ၊ ဖြစ်၏။ တံဓမ္မဇာတံ၊ ထိုဥပသမ္ပဒ အန္တရာယိက သဘောတရားကို။ အဟံ၊ ငါသည်။ ပုစ္ဆာမိ၊ မေးအံ့။ တံ၊ ထိုဥပသမ္ပဒ အန္တရာယိက ဓမ္မသည်။ သန္တံ၊ သင်၏ကိုယ်၌ ထင်ရှားရှိသည် ဖြစ်အံ့။ အတ္ထီတိ၊ ရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ အသန္တံ၊ ထင်ရှားမရှိသည်ဖြစ်အံ့။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

နာဂ၊ နာဂမည်သောရဟန်းလောင်း။ တေ၊ သင်၏။ သရီရေ၊ ကိုယ်၌။ ကုဋ္ဌံ၊ နူနာရောဂါ။ ဂဏ္ဍော၊ အိုင်းအမာနာရောဂါ။ ကိလာသော၊ ပွေး ညှင်း တင်းဒိပ် နာရောဂါ။ သောသော၊ တဟုပ်ဟုပ်ချောင်းဆိုးပန်းနာ မျိုးရောဂါ။ အပမာရော၊ ရူးသွပ်သော အနာမျိုးရောဂါ။ ဧဝရူပါ၊ ဤသို့ သဘောရှိကုန်သော။ အာဗာဓာ၊ အနာမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။ ။

**နသန္တိ ဘန္တေ။ ။**

တွံ၊ သင်သည်။ မနုဿောသိ၊ လူသည်။ အသိ၊ ဖြစ်ပါ၏လော။ ။

အာမ ဘန္တေ။ ။

တွံ၊ သင်သည်။ ပုရိသောသိ၊ ယောက်ျားသည်။ အသိ၊ ဖြစ်ပါ၏လော။ ။

အာမ ဘန္တေ။ ။

တွံ၊ သင်သည်။ ဘုဇိဿောသိ၊ သူတပါး၏ကျွန် အဖြစ်မှ ကင်းလွတ်သော သူသည်။ အသိ၊ ဖြစ်ပါ၏လော။ ။

အာမ ဘန္တေ။ ။

တွံ၊ သင်သည်။ အဏဏောသိ၊ သူတပါး ကြွေးမြီ မရှိသော သူသည်။ အသိ၊ ဖြစ်ပါ၏လော။ ။

အာမ ဘန္တေ။ ။

တွံ၊ သင်သည်။ ရာဇဘဋောသိ၊ မင်း ခ စား ယော ကျ်ားသည်။ နအသိ၊ မဖြစ်လေသလော။ ။

နအမှိ ဘန္တေ။ ။

တွံ၊ သင်သည်။ မာတာပိတူဟိ၊ မိဘတို့သည်။ အနုညာတောသိ၊ ခွင့်ပြုအပ်သော သူသည်။ အသိ၊ ဖြစ်ပါ၏လော။ ။

အာမ ဘန္တေ။ ။

တွံ၊ သင်သည်။ ပရိပုဏ္ဏဝီသတိဝဿောသိ၊ အသက်နှစ်ဆယ်ပြည့်သော သူသည်။ အသိ၊ ဖြစ်ပါ၏လော။ ။

အာမ ဘန္တေ။ ။

တေ၊ သင့်အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံ ပါ၏လော။ ။

အာမ ဘန္တေ။ ။

တွံ၊ သင်သည်။ ကိံနာမော၊ အဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်သနည်း။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ နာဂေါ နာမ၊ နာဂ အမည်ရှိပါသည် ဘုရား။ ။

တော၊ သင်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကောနာမော၊အဘယ် အမည်ရှိသနည်း။ ။

ဘန္တေ၊ အရှင်ဘုရား။ မေ၊ ဘုရားတပည့်တော်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။အာယသ္မာ၊ ရှည်သော သက်တော်ရှိသော။ တိဿော နာမ၊ တိဿအမည်ရှိသော မထေရ်ဖြစ်ပါသည်ဘုရား။ ။

# ဥပသမ္ပဒ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထ ဝဒါမိ သုဏာတု မေ ဘန္တေ သံဃော။ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ နာဂေါ သံဃံ ဥပသမ္ပဒ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

တတိယမ္ပိ ဧတမတ္ထ ဝဒါမိ သုဏာတု မေ ဘန္တေ သံဃော အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ ပရိပုဏ္ဏဿ ပတ္တစီဝရံ နာဂေါ သံဃံ ဥပသမ္ပဒ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာ ဘိဿေန ဥပဇ္ဈာယေန။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

## ရဟန်းလောင်း နှစ်ပါး သုံးပါး တို့ကို တပြိုင်တည်း ရဟန်းပြုလျှင် အပ်သည်၏အဖြစ်ကို ပြဆိုခြင်း။

ဤပြဆိုအပ်ပြီးသော ဥပသမ္ပဒ ကမ္မဝါစာသည်ကား။ ရဟန်းလောင်း တပါးတည်းကိုသာလျှင် ရွတ်ဘာသ်၍ ရဟန်းပြုရန် ဘုရားရှင်ဟောပြအပ်သော ကမ္မဝါစာဖြစ်သည်။ ။

အကယ်၍ ရဟန်းလောင်းတို့သည် နှစ်ပါးသော်၎င်း သုံးပါးသော်၎င်း ဖြစ်ပေါ်လာကုန်သည်ရှိသော်၊ ၎င်းရဟန်းလောင်း နှစ်ပါးသုံးပါးတို့ကို တပြိုင်တည်း ကမ္မဝါစာရွတ်ဘာသ်၍ ရဟန်းပြုကြလျှင်လည်း အပ်သည်၏အဖြစ်ကို-။

**အနုဇာနာမိ ဘိက္ခဝေ ဒွေ ဧကာနုဿာဝနေ ကာတုံ။** ။ဟူ၍၎င်း။

**အနုဇာနာမိ ဘိက္ခဝေ ဒွေတယော ဧကာနုဿာဝနေ ကာတုံ။** ။ဟူ၍၎င်း မဟာဝါပါဠိတော် မဟာခန္ဓကဋ္ဌ ဘုရားရှင်ဟောပြတော်မူ၏။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေ၊ နှစ်ပါးသော ရဟန်းလောင်းတို့ကို။ ဧကာနုဿာဝနေ၊ တပြိုင်တည်း ကမ္မဝါစာရွတ်ဘာသ်ခြင်း ရှိသည်တို့ကို။ ကာတုံ၊ ပြုစိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ။

ဘိက္ခုဝေ၊ ရဟန်းတို့။ ဒွေတယော၊ နှစ်ပါးသုံးပါးသော ရဟန်းလောင်းတို့ကို။ ဧကာနုဿာဝနေ၊ တပြိုင်တည်း ကမ္မဝါစာရွတ်ဘာသာခြင်း ရှိသည့်ပုဂ္ဂိုလ်ကို။ ကာတုံ၊ ပြုစိမ့်သောငှာ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ။

ဤသို့ မဟာဝါ ပါဠိတော် မဟာခန္ဓက၌ ဘုရားရှင် ဟောကြား ခွင့်ပြုတော်မူခြင်းကြောင့်၊ ရဟန်းလောင်း နှစ်ပါး သုံးပါး တို့ကိုလည်း တပြိုင်တည်း ကမ္မဝါစာရွတ်ဘာသာ၍ ရဟန်းပြုကျင့်အပ်ပါ၏။ ။

ရဟန်းလောင်း နှစ်ပါး သုံးပါးတို့ကို တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသာ၍ရဟန်းပြုကျင့် အပ်၏ဟု ဆိုသော်လည်း၊ ဤပုံ ဤနည်း တပြိုင်တည်း ကမ္မဝါစာကို ရွတ်ဘာသာအပ်၏ဟု တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသာအပ် သောနည်းကိုကား ဘုရားရှင်ထုတ်ဖော်၍ ဟောပြတော်မူခြင်း မရှိချေ။ ။

တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသာအပ်သောနည်းကို ဘုရားရှင် ထုတ်ဖော်၍ ဟောပြတော် မမူခြင်းကား၊ တပြိုင်တည်း ရဟန်းပြုရာ၌၊ တပြိုင်တည်း ရွတ်ဘာသာအပ်သော ကမ္မဝါစာ ဘာသာနည်းတို့သည် အများအပြား ရှိနိုင်သည် ဖြစ်၍၊ ထိုကမ္မဝါစာ ရွတ်ဘာသာနည်း အများအပြားတို့ကို ဗုဒ္ဓမတညုပုဂ္ဂိုလ်တို့ သိကြပြီး ဖြစ်သောကြောင့်ဒင်း။ ။

ထို့ပြင် တပြိုင်တည်း ရွတ်ဘာသာ၍ ပြုအပ်သော ထိုထိုကံတို့၌ တပြိုင်တည်း ရွတ်ဘာသာအပ်သော ကမ္မဝါစာ ရွတ်ဘာသာနည်းတို့ကို ထိုထို နေရာ ဌာနတို့၌ ဟောပြအပ်ပြီးပြီဖြစ်၍ ထိုဟောပြအပ်ပြီးသော တပြိုင်တည်းကမ္မဝါစာ ရွတ်ဘာသာနည်းတို့ကို ထောက်ဆ၍ ဤဥပသမ္ပဒ ကမ္မဝါစာ၌လည်း၊ တပြိုင်တည်း ရွတ်ဘာသာအပ်သော ကမ္မဝါစာ ရွတ်ဘာသာနည်းကို သိနိုင်ရာသော ကြောင့်ဒင်း။ ။

တပြိုင်တည်း ရွတ်ဘာသာအပ်သော ကမ္မဝါစာ ရွတ်ဘာသာနည်းကို ဘုရားရှင် ထုတ်ဖော်၍ ဟောပြတော်မမူခြင်း ဖြစ်လေသည်။ ။

## တပြိုင်တည်း ကမ္မဝါစာရွတ်ဘာသ်ရာ၌ ပဋ္ဌမနည်းတမျိုးကို ပြဆိုခြင်း

တပြိုင်တည်း ရွတ်ဘာသ်အပ်သော ကမ္မဝါစာ ရွတ်ဘာသ်နည်း အမျိုးမျိုး တွင် တပြိုင်တည်း ရွတ်ဘာသ်အပ်သော ကမ္မဝါစာ ရွတ်ဘာသ်နည်း တမျိုးကို ဘုရားရှင်၏ အလိုနှလုံးထားကို သိတော်မူသည့် ဗုဒ္ဓမတည်။ အဋ္ဌကထာဆရာ သည် ဘုရားရှင်၏အလိုတော်ကျ ထုတ်ဖော်၍ ဖွင့်ပြတော်မူသည်မှာ—

**ဒွေ ကောနု ဿာဝနေတိ ဒွေ ကေတော**
**အနုဿာဝနေ၊ ကောန ကေဿ, အညေန ဂဏ**
**ဂုဿာတိ ဝံ ဒွိဟိဝါ အာစရိယေဟိ ကော**
**နဝါ ကေကွဏော ကမ္ပဝါံ အနုဿာဝဝင္တေဟိ**
**ဥပသမ္ပာဒေတုံ အနုဇာနာမိတိ အတ္ထော။ ။**

ဟု-ဖွင့်ဆို၍ ပြတော်မူသည်၊ ။ထိုဖွင့်ဆို၍ ပြတော်မူချက်ကား။ ။

**အနုဇာနာမိ ဘိက္ခဝေ ဒွေ ကောနုဿာ**
**ဝနေ ကာတုံ။ ။**

ဟု-ဘုရားရှင်ဟောပြအပ်သော အနုညာတ စကားရပ်ကို ဘုရားရှင်၏ အလိုတော်ကျ အဋ္ဌကထာဆရာ ဖွင့်ဆို၍ ပြတော်မူသည်။ ။

ဒွေ ကောနုဿာဝနေတိ၊ ဒွေ ကောနုဿာဝနေ-ဟူသည်ကား။ ဒွေ၊ နှစ်ပါးသော ရဟန်းလောင်းတို့ကို။ ကေတော၊ တပြိုင်နက်။ အနုဿာဝနေ၊ ကမ္မဝါစာရွတ်ဘာသ်ခြင်းရှိသည်ဟူ၍ကို။ ။

ကောန၊ တပါးသော ကမ္မဝါစာဆရာသည်။ ကေဿ၊ တပါးသော ရဟန်းလောင်းအား။အညေန၊ တပါးသော ကမ္မဝါစာ ဆရာသည်။ ဣတရဿ၊ ဤမှတပါးသော ရဟန်းလောင်းအား။ ဣတိဧဝံ၊ ဤသို့။ဒွိဟိဝါအာစရိယေဟိ၊ နှစ်ပါးသော ကမ္မဝါစာဆရာတို့သည်လည်းကောင်း။ ကောနဝါအာစရိယေန၊ တပါးသောကမ္မဝါစာဆရာသည်လည်းကောင်း။ကေကွဏော၊တပြိုင်တည်းသော ခဏ၌။ ကမ္မဝါစံ၊ ကမ္မဝါစာကို။ အနုဿာဝေန္တေဟိ၊ ရွတ်ဘာသ်ကြကုန်သည် ဖြစ်၍။ ဥပသမ္ပာဒေတုံ၊ ရဟန်းပြုစိမ့်သောငှါ။ အနုဇာနာမိ။ ငါဘုရားခွင့်ပြု တော်မူ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။

ထို့ပြင် တချက်ဆက်၍ အဋ္ဌကထာဆရာ ဖွင့်ပြသည်မှာ-။ ။

ဒွိဟိဝါ တီဟိဝါ အာစရိယေဟိ ဝိသုံ ဝိသုံ
ဧကေန ဧကဿာတိ ဧဝံ ဧကပ္ပဟာရေနေဝ
ဒွေ တိဿောဝါ ကမ္မဝါစာ ကာတဗ္ဗာ။ ။

ဟု ဖွင့်ဆို၍ပြတော်မူသည်။ ။၎င်းပြဆိုချက်ကား။ ။

အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော
ဧကာနုဿာဝနေ ကာတုံ။ ။

ဟု-ဘုရားရှင်ဟောပြအပ်သော အနုညာတ စကားရပ်ကို ဘုရားရှင်၏ အလိုတော်ကျအကိုင်း အဋ္ဌကထာဆရာဖွင့်ပြခြင်းဖြစ်သည်။ ။

အနက်ကား။ ။ဒွိဟိ၊ နှစ်ပါးကုန်သော။ အာစရိယေဟိဝါ၊ ဆရာတို့သည်လည်းကောင်း။ တီဟိ၊ သုံးပါးကုန်သော။ အာစရိယေဟိဝါ၊ ဆရာတို့သည်လည်းကောင်း။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ဧကေန၊ တပါးသော။ အာစရိယေန၊ ဆရာသည်။ ဧကဿ၊ တပါးသော။ ဇနဿ၊ ပဉ္စင်းလောင်းအဖြစ်ကို ငံ့သောသူအား။ ဣတိဧဝံ၊ ဤသို့။ ဧကပ္ပဟာရေနေဝ၊ တပြိုင်နက်အားဖြင့်သာလျှင်။ ဒွေ၊ နှစ်ခုကုန်သော။ ကမ္မဝါစာဝါ၊ ကမ္မဝါစာတို့ကိုလည်းကောင်း။ တိဿော၊ သုံးခုကုန်သော။ ကမ္မဝါစာဝါ၊ ကမ္မဝါစာတို့ကိုလည်းကောင်း။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ ။

(ဤကား အဋ္ဌကထာပါဠိ၏ ဖွင့်ဆိုချက်အနက်တည်း)

အဋ္ဌကထာဆရာ၏ ဖွင့်ပြချက်ပါဠိအပေါင်းတို့တွင်။ ။

ဧကေန ဧကဿ, အညေန ဣတရဿာတိ
ဧဝံ ဒွီဟိဝါ အာစရိယေဟိ ဧကေနဝါ ဧက
တော ကမ္မဝါစံ အနုဿာဝေန္တေဟိ ဥပသမ္ပာ
ဒေတုံ။ ။

ဟူသော ပဌမသံဝဏ္ဏနာစကားရပ်ဖြင့်၊ ရဟန်းလောင်း နှစ်ပါးတို့ကို။ ကမ္မဝါစာ ဆရာနှစ်ပါးတို့က တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်၍ ရဟန်း ပြုရာ၌။ ။

ကမ္မဝါစာ ဆရာတပါးက ရဟန်းလောင်းတပါးကို ငဲ့၍ဘာသ်ရာ၏။ ။

ကျန် ကမ္မဝါစာဆရာတပါးက ကျန်သော ရဟန်းလောင်းတပါးကို ငဲ့၍ ဘာသ်ရာ၏။ ။

ဤသို့ ရဟန်းလောင်းနှစ်ပါးတို့ကို ကမ္မဝါစာ ဆရာနှစ်ပါးတို့က ဆိုင်ရာ ဆိုင်ရာ အသီးသီးငဲ့လျက် တပြိုင်တည်း။ ကမ္မဝါစာရွတ်ဘာသ်၍ ရဟန်းပြုအပ်၏၊ ဟူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာပြဆိုလေသည်။ ။

အဋ္ဌကထာဆရာ၏ ပြဆိုချက်စကားရပ်ကို ဆက်၍ ရှင်းပြဦးအံ့။....။

အရှင်တိဿအမည်ရှိသော ဥပဇ္ဈာယ်ဆရာအား နာဂမည်သော ရဟန်းလောင်း။ ပါလမည်သော ရဟန်းလောင်း။ ဤသို့ရဟန်းလောင်းနှစ်ပါးဖြစ်ပေါ်လာ၍ ထိုရဟန်းလောင်း နှစ်ပါးတို့ကို တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်၍ ရဟန်းပြုလိုကြမူ။ ။

နာဂအမည်ရှိသော ရဟန်းလောင်းကို အရှင်သုမန ကမ္မဝါစာ ဆရာက ငဲ့၍ ဘာသ်ရာ၏။ ။

ပါလ အမည်ရှိသော ရဟန်းလောင်းကို အရှင်ပဒုမ ကမ္မဝါစာ ဆရာက ငဲ့၍ ဘာသ်ရာ၏။ ။

ဥပဇ္ဈာယ် ဆရာကိုကား အရှင်တိဿ တပါးတည်းသာ ထားရာ၏။ ။

ကမ္မဝါစာ ဆရာနှစ်ပါးတို့သည် ကမ္မဝါစာကို ရွတ်ဘာသ်သောအခါ တပြိုင်တည်း ရွတ်ဘာသ်ခြင်းကို ပြုအပ်၏။ ။

ဤသို့ အဋ္ဌကထာဆရာသည် တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ် အပ်သော နည်းကို ဘုရားရှင်၏ အလိုတော်ကျ ကုတ်ဆောင်၍ ပြဆိုခြင်းကြောင့် ရဟန်းလောင်းနှစ်ပါးတို့ကို ကမ္မဝါစာ ဆရာနှစ်ပါးတို့က အသီးသီးငဲ့လျက် တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်၍ ရဟန်းပြုကြလျှင် အပ်သည်ဟူ၍ မှတ်ရာ၏။ ။

(ဤကား ပဌမသံဝဏ္ဏနာ စကားရပ်၏ အဓိပ္ပါယ်ကို ရှင်းပြချက်တည်း။)

ဒုတိယ သံဝဏ္ဏနာ စကားရပ်၏ အဓိပ္ပါယ်ကိုလည်း ပဌမ သံဝဏ္ဏနာ စကားရပ်၌ ပြဆိုအပ်သော နည်းအတိုင်း မှတ်ယူအပ်၏။ ။

**အထူးကား။** ။ရဟန်းလောင်း နှစ်ပါး သုံးပါး ကမ္မဝါစာဆရာ နှစ်ပါး သုံးပါး ပြဆိုခြင်းသာထူး၏။ ။

ဤသို့ ရဟန်းလောင်းနှစ်ပါးသုံးပါးတို့ကို ကမ္မဝါစာဆရာ နှစ်ပါးသုံးပါးတို့က အသီးသီးငဲ့လျက် တပြိုင်တည်း ကမ္မဝါစာရွတ်ဘာသ်၍ ရဟန်းပြုကြလျှင် အပ်သည်၏ အဖြစ်ကို ဘုရားရှင်၏အလိုတော်ကျ အဋ္ဌကထာဆရာ ကုတ်ဆောင်၍ ပြဆိုခြင်းကြောင့် ရဟန်းလောင်း နှစ်ပါးသုံးပါးတို့ကို ကမ္မဝါစာဆရာ နှစ်ပါး သုံးပါးတို့က အသီးသီးငဲ့လျက် တပြိုင်တည်း ကမ္မဝါစာရွတ်ဘာသ်၍ ရဟန်းပြုကြလျှင် အပ်သည် ဟူ၍ မှတ်ယူကုန်ရာသည်။ ။

ဤနည်းဖြင့် ရဟန်းပြုရာ၌ ကမ္မဝါစာဆရာတို့သည် ဖျတ္တပဋိဗလ ဖြစ်ကြကုန်မူ ဤနည်းကို တပါးသော ပုဂ္ဂိုလ်တို့သည် အပြစ်မြင်ဘွယ်ရာမရှိကုန်။ ဤနည်းသည် လွယ်ကူသည်ဖြစ်၍ အတိသုန္ဒရ နည်းဖြစ်၏။ ။

တပြိုင်တည်း ရွတ်ဘာသ် အပ်သော ဤကမ္မဝါစာသည်ကား။ ။ ဥပဇ္ဈာယ် ဆရာကို တပါးတည်းထား၍ ရဟန်းလောင်း နှစ်ပါးသုံးပါးတို့ကို ကမ္မဝါစာဆရာ နှစ်ပါးသုံးပါးတို့က အသီးသီးငဲ့လျက် တပြိုင်တည်း ရွတ်ဘာသ် အပ်သောကမ္မဝါစာ ဖြစ်ခြင်းကြောင့်။ **နာနာသိဿ နာနာဝရိယ ဧကုပဇ္ဈာယ ဧကာနုဿာဝန ဥပသမ္ပဒ ကမ္မဝါစာ** မည်၏။ ။

၅၃၉၃

ဤကား ရဟန်းလောင်း နှစ်ပါး သုံးပါးတို့ကို ကမ္မဝါစာဆရာ နှစ်ပါး သုံးပါးတို့က အသီးသီးငဲ့လျက် တပြိုင်တည်း ရွတ်ဘာသ် အပ်သော ကမ္မဝါစာ ရွတ်ဘာသ်နည်း တမျိုးကိုပြဆိုချက်တည်း။ ။

## တပြိုင်တည်း ကမ္မဝါစာရွတ်ဘာသ်ရာ၌ ဒုတိယနည်းတမျိုးကို ပြဆိုခြင်း

ထို့ပြင် ရဟန်းလောင်း နှစ်ပါး သုံးပါးတို့ကို တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်၍ ရဟန်းပြုအပ်သော နည်းတမျိုးမှာ—။ ။

**သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ**
**ဟောန္တိ၊ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိ**
**ဝိဟာရိကံ, သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိ**
**ဝိဟာရိကံ အနုဿာဝေတိ၊ အညမညဥ္စ ဂဏ**
**ပူရကာ ဟောန္တိ၊ ဝဋ္ဋတိ။ ။**

ဟု-မဟာဝါအဋ္ဌကထာ မဟာခန္ဓက၌ အဋ္ဌကထာဆရာ ပြဆိုလေသည်။ ။

ဌင်းအဋ္ဌကထာ ဆရာပြဆိုသောစကားရပ်ကား။

**အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧက**
**နုဿာဝနေ ကာတုံ။ ။**

ဟု-ဘုရားရှင် ဟောပြအပ်သော အနုညာတ စကားရပ်ကိုပင် လျှင်၊ ဘုရားရှင်၏ အလိုတော်ကျ အဋ္ဌကထာဆရာဆက်၍ ဖွင့်ပြသော စကားရပ် ဖြစ်သည်။ ။

**အနက်ကား။** ။ပန၊ ဆက်၍ဆိုဦးအံ့။ နာနာစရိယာ၊ အသီးအသီးသော ကမ္မဝါစာ ဆရာတို့သည်။ နာနုပဇ္ဈာယာ၊ အသီးအသီးသော ဥပဇ္ဈာယ် ဆရာတို့သည်။ သစေဟောန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ ။

ကိုသာတွေ့ရော၊ ကမ္မဝါစာဆရာဖြစ်သော ကိုသာ အမည်ရှိသော မထေရ်သည်လည်း။ သုမနတွေ့ရသော၊ ဥပဇ္ဈာယ်ဆရာဖြစ်သော သုမန အမည်ရှိသော မထေရ်၏။ သဒ္ဓိဝိဟာရိက၊ အမှုနေ့ တပည့်ကို။ သစေအနုသာဝေတိ၊ အကယ်၍ ကမ္မဝါစာရွတ်ဘာသိမ့်။ ။

သုမနတွေ့ရော၊ ကမ္မဝါစာ ဆရာဖြစ်သော သုမန အမည်ရှိသော မထေရ်သည်လည်း။ ကိုသာတွေ့ရသော၊ ဥပဇ္ဈာယ်ဆရာဖြစ်သော ကိုသာအမည်ရှိသော မထေရ်၏။ သဒ္ဓိဝိဟာရိက၊ အမှုနေ့ တပည့်ကို။ သစေအနုသာဝေတိ၊ အကယ်၍ ကမ္မဝါစာ ရွတ်ဘာသိမ့်။ ။

အသုမည်၊ အချင်းချင်း။ ဂဏပူရကဘာဝ၊ ဂိုဏ်းကို ပြည့်စေတတ်ကုန် သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝဋ္ဋတိ၊ အပ်၏။ ။

(ဤကား အဋ္ဌကထာပါဠိ၏ ဖွင့်ဆိုချက်အနက်တည်း)

၎င်းအဋ္ဌကထာဆရာ ပြဆိုသောစကား ရပ်၌ ။

**သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ**
**ဟောန္တိ၊ ဝဋ္ဋတိ။ ။**

ဟူသောပါဠိဖြင့်၊ နှစ်ပါးသုံးပါးသော ရဟန်းလောင်းတို့ကို ရဟန်း ပြုရာ၌ ကမ္မဝါစာ ဆရာတို့သည်လည်း အသီးသီး ဥပဇ္ဈာယ် ဆရာတို့သည်လည်း အသီးသီးဖြစ်ကြစေကာမူ၊ တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်၍ ရဟန်းပြုက အပ်သည်၏အဖြစ်ကို အဋ္ဌကထာဆရာ ပြဆိုလေသည်။ ။

**အဓိပ္ပါယ်ကား။** ။ရဟန်းလောင်းလည်း နှစ်ပါး၊ ဥပဇ္ဈာယ် ဆရာလည်း နှစ်ပါး၊ ဤသို့ အသီးသီးဖြစ်ပေါ်လာသည်ရှိသော်၊ ဖြစ်ပေါ်လာသော ရဟန်းလောင်းနှင့် ဥပဇ္ဈာယ်ဆရာတို့ကို ဆိုင်ရာဆိုင်ရာ အသီးသီးတွဲ၍ ကမ္မဝါစာ ဆရာနှစ်ပါးတို့က တွဲပြီးသော ဆရာတပည့် အတွဲတို့ကို တပွဲစီ တပွဲစီ အသီးသီး ငဲ့လျက် တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်ခြင်းကို ပြုအပ်၏ဟု ဆိုလိုသည်။ ။

ထိုစကားရပ်ကို ဆက်၍ ရှင်းပြဦး အံ့။ ။

အရှင်တိဿ မည်သော ဥပဇ္ဈာယ်ဆရာအား နာဂ မည်သော ရဟန်းလောင်းသည်ဖြစ်ပေါ်လာ၏။ ။

အရှင်မိတ္တ မည်သော ဥပဇ္ဈာယ်ဆရာအား ပါလ မည်သော ရဟန်းလောင်းသည် ဖြစ်ပေါ်လာ၏။ ။

ဤသို့ ဥပဇ္ဈာယ်ဆရာနှစ်ပါးနှင့် ရဟန်းလောင်း နှစ်ပါးတို့သည် အသီးသီး တွဲလျက် ဖြစ်ပေါ်လာကုန်သည်ရှိသော် အသီးသီး တွဲလျက် ဖြစ်ပေါ်လာသော ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းလောင်းတို့ကို ကမ္မဝါစာ ဆရာနှစ်ပါးတို့က အသီးသီးငဲ့လျက် တပြိုင်တည်း ကမ္မဝါစာရွတ်ဘာသ်၍ ရဟန်းပြုလိုကြလျှင်။ ။

အရှင်တိဿ မည်သော ဥပဇ္ဈာယ်ဆရာနှင့် နာဂ မည်သော ရဟန်းလောင်းတတွဲကို အရှင်သုမနမည်သောကမ္မဝါစာဆရာကငဲ့၍ ဘာသ်ရာ၏။ ။

အရှင်မိတ္တ မည်သောဥပဇ္ဈာယ်ဆရာနှင့် ပါလ မည်သောရဟန်းလောင်း တတွဲကို အရှင်ပဒုမမည်သောကမ္မဝါစာဆရာကငဲ့၍ ဘာသ်ရာ၏။ ။

ကမ္မဝါစာကို ရွတ်ဘာသ်သောအခါ ကမ္မဝါစာ ဆရာတို့သည် ဆိုင်ရာဆိုင်ရာ အတွဲကို အသီးသီးငဲ့လျက် တပြိုင်တည်းရွတ်ဘာသ်ခြင်းကိုပြအပ်၏။ ။

ဥပဇ္ဈာယ် ဆရာသုံးပါး ရဟန်းလောင်း သုံးပါး အသီးသီးတို့၌လည်း ပြဆိုအပ်ပြီးသော နည်းအတိုင်း အသီးသီးငဲ့လျက် ကမ္မဝါစာ ဆရာ သုံးပါးတို့က တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်ခြင်းကို ပြအပ်၏။ ။

ဤသို့ ဥပဇ္ဈာယ်ဆရာနှစ်ပါးသုံးပါးနှင့် ရဟန်းလောင်း နှစ်ပါး သုံးပါး အသီးသီးတို့ကို ကမ္မဝါစာဆရာ နှစ်ပါးသုံးပါးတို့က အသီးသီးငဲ့လျက် တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်၍ ရဟန်းပြုကြလျှင် အပ်သည်၏အဖြစ်ကို အဋ္ဌကထာဆရာပြဆိုခြင်းကြောင့် ဥပဇ္ဈာယ်ဆရာ နှစ်ပါးသုံးပါးနှင့် ရဟန်းလောင်း နှစ်ပါး သုံးပါး အသီးသီးတို့ကို ကမ္မဝါစာဆရာ နှစ်ပါး သုံးပါးတို့က ဆိုင်ရာ

ဆိုင်ရာအကွဲကို အသီးသီးငဲ့လျှက် တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်၍ ရဟန်းပြုကြလျှင် အပ်သည်ဟု မှတ်ယူကုန်ရာ၏။ ။

တပြိုင်တည်း ရွတ်ဘာသ်အပ်သော ဤကမ္မဝါစာသည်ကား။ ဥပဇ္ဈာယ်ဆရာ နှစ်ပါး သုံးပါးနှင့် ရဟန်းလောင်း နှစ်ပါး သုံးပါး အသီးသီးတို့ကို ကမ္မဝါစာဆရာ နှစ်ပါး သုံးပါးတို့က အသီးသီးငဲ့လျှက်တပြိုင်တည်းရွတ်ဘာသ်အပ်သော ကမ္မဝါစာ ဖြစ်ခြင်းကြောင့် **နာနာသိဿ နာနာစရိယ နာနုပဇ္ဈာယ ကောနုဿာဝန ဥပသမ္ပဒ ကမ္မဝါစာ** မည်၏။ ။

ဤလည်း တပြိုင်တည်း ရွတ်ဘာသ်အပ်သော ကမ္မဝါစာ ဘာသ်နည်း တမျိုးကို ပြဆိုချက်တည်း။ ။

---

## တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်ရာ၌ တတိယနည်းတမျိုးကိုပြဆိုခြင်း

ထိုမှတပါး ရဟန်းလောင်း နှစ်ပါး သုံးပါးတို့ကို တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်၍ ရဟန်းပြုအပ်သော နည်းတသွယ်မှာ-။

**ဧကေန အာစရိယေန ဒွေဝါ တယော ဝါ အနုဿာဝေတဗ္ဗာ။** ။

ဟု-။ မဟာဝါ အဋ္ဌကထာ မဟာခန္ဓက၌ အဋ္ဌကထာ ဆရာ ပြဆိုလေသည်။ ။

ၵင်း အဋ္ဌကထာဆရာ ပြဆိုသောစကားရပ်ကား။ ။

**အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ကောနုဿာဝနေ ကာတုံ။** ။

ဟု-၊ ဘုရားရှင် ဟောပြအပ်သော အနုညာတ စကားရပ်ကို ဘုရားရှင်၏ အလိုတော်ကျ အဋ္ဌကထာဆရာ ထုတ်ဖေါ်ဖွင့်ဆို၍ ပြအပ်သော စကားရပ် ဖြစ်လေသည်။ ။

**အနက်ကား**။ ။ဧကေန အာစရိယေန၊ တဦးတည်းသော ကမ္မဝါစာဆရာသည်။ ဒွေ ဝါ၊ နှစ်ယောက်သော ရဟန်းလောင်းတို့ကိုလည်းကောင်း။

တယောဝါ၊ သုံးယောက်သော ရဟန်းလောင်းတို့ကိုလည်းကောင်း။ အနုသာ ဝေတဗ္ဗာ။ ကမ္မဝါစာ ရွတ်ဘာသ်အပ်ကုန်၏။ ။

အဓိပ္ပါယ်ကား။ ။နှစ်ပါးသုံးပါးသော ရဟန်းလောင်းတို့ကို တပြိုင် တည်း ရဟန်းပြုရာ၌ ကမ္မဝါစာ ဆရာတပါးတည်းကလည်း တပြိုင်တည်း ကမ္မဝါစာရွတ်ဘာသ်၍ ရဟန်းပြုကောင်း၏။ ။

ရဟန်းလောင်း နှစ်ပါးသုံးပါးတို့ကို ကမ္မဝါစာ ဆရာတပါးတည်းက တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်၍ ရဟန်းပြုရာ၌ ကမ္မဝါစာ ဆရာတပါး တည်းက ရဟန်းလောင်း နှစ်ပါးသုံးပါးတို့ကို တပြိုင်တည်း ကမ္မဝါစာကို ရွတ် ဘာသ်အပ်သောကြောင့် ကမ္မဝါစာကို ရွတ်ဘာသ်သောအခါ ရဟန်းလောင်း တို့ကို ဒွန်တွဲ၍သာ ရွတ်ဘာသ်အပ်၏ဟု ဆိုလိုသည်။ ။

ဤသို့လျှင် ဘုရားရှင်၏ အလိုတော်ကျ အဋ္ဌကထာဆရာ ထုတ်ဖေါ်၍ ပြဆိုခြင်းကြောင့် ရဟန်းလောင်း နှစ်ပါးသုံးပါးတို့ကို တပြိုင်တည်း ရဟန်း ပြု သောအခါ ရဟန်းလောင်းတို့ကို ဒွန်တွဲ၍လည်း ရဟန်းပြုနိုင်သည်ဟု မှတ်ယူ အပ်၏။ ။

ရဟန်းလောင်းတို့ကို ဒွန်တွဲ၍ ကမ္မဝါစာ ရွတ်ဘာသ်ရာ၌ ဥပဇ္ဈာယ် ဆရာကိုကား တပါးတည်းသာ ထားရာ၏။ ။ကမ္မဝါစာဆရာသည်လည်း တပါး တည်းသာ ဘာသ်ရာ၏။ ။

ကမ္မဝါစာ ဆရာသည်လည်း တပါးတည်းသာ ဘာသ်ရာ၏ဟု ဆိုရာ ဝယ်၊ ယခုအခါကာလ၌ ရဟန်းလောင်းတပါးတည်းကို ရဟန်းပြုသောအခါ ကမ္မဝါစာ ဆရာတပါးကသော်၎င်း၊ ကမ္မဝါစာ ဆရာနှစ်ပါးတို့ကသော်၎င်း၊ ကမ္မဝါစာ ဆရာ သုံးပါးတို့ကသော်၎င်း၊ကမ္မဝါစာ ရွတ်ဘာသ်ခြင်းကို ပြုကြကုန် သကဲ့သို့ ထို့အတူ ဒွန်ကမ္မဝါစာကိုရွတ်ဘာသ်ရာ၌ ကမ္မဝါစာဆရာတပါးတည်း ကသော်၎င်း၊ ကမ္မဝါစာဆရာ နှစ်ပါးတို့ကသော်၎င်း၊ ကမ္မဝါစာ ဆရာသုံးပါး တို့ကသော်၎င်း၊ တပြိုင်တည်း ကမ္မဝါစာ ရွတ်ဘာသ်ခြင်းကို ပြုကြလျှင်လည်း အပ်၏။ ။

ဒွန်ကမ္မဝါစာဝယ် ကမ္မဝါစာဆရာတို့ နှစ်ပါးသုံးပါးစုပေါင်း၍ ဘာသ် ရာ၌ ပဓာနအားဖြင့်ကား ကမ္မဝါစာ ဆရာတပါးတည်း ကိုသာလျှင် မှတ်ယူ

အပ်၏။ ကျန်သော ကမ္မဝါစာဆရာတို့ကိုကား ကံပျက်စီးခြင်း၌လင်းပါးခြင်းကို ပယ်ဖျောက်ခြင်းငှါ ဥပထမ္ဘကအထောက်အပံ့ အကူအညီ ကမ္မဝါစာ ဆရာတို့ ဟူ၍ မှတ်ရာ၏။ ။

ထို့ကြောင့် ဝိနယ ဝိနိစ္ဆယ ဋီကာဆရာသည်။ ။

ပေါရာဏာက ဝိနယ ဓရထေရာ ကမ္မဝိပ္ပတ္တိ
သင်္ကာပရိဟရတ္ထံ ဒွိဟိ တီဟိ ဧကတော အနုသာ
ဝနံ သာဝယန္တိ။ ။

ဟု-မိန့်မှာတော်မူသည်။ ။

ပေါရာဏာက ဝိနယဓရထေရာ၊ ရှေး၌ဖြစ်သော ဝိနည်းမိုရ်မထေရ် အရှင်တို့သည်။ ကမ္မဝိပ္ပတ္တိသင်္ကာ ပရိဟရတ္ထံ၊ ကံပျက်စီးခြင်း၌ ယုံမှားခြင်းကို ပယ်ဖျောက်ခြင်းငှါ။ ဒွိဟိ တီဟိ၊ နှစ်ပါးသုံးပါးသော ရဟန်းတို့ကို။ ဧကတော၊ တပြိုင်နက်။ အနုသာဝနံ၊ ကမ္မဝါစာကို။ သာဝယန္တိ၊ ရွတ်ဘာသ်စေကုန်၏။ ။

ဤဒွန်ကမ္မဝါစာသည်ကား။ ဥပဇ္ဈာယ် ဆရာ တပါး တည်း ရှိသော ရဟန်းလောင်း နှစ်ပါးသုံးပါးတို့ကို ကမ္မဝါစာ ဆရာတပါးတည်းက ဒွန်တွဲ၍ တပြိုင်တည်း ရွတ်ဘာသ်အပ်သော ကမ္မဝါစာ ဖြစ်ခြင်းကြောင့် နာနာသိဿ
**ကောစရိယ ဧကုပဇ္ဈာယ ကောနုသာဝန ဥပသမ္ပဒ ကမ္မဝါစာ** မည်၏။ ။

ဤလည်း တပြိုင်တည်း ရွတ်ဘာသ်အပ်သော ကမ္မဝါစာ ရွတ်ဘာသ် နည်းတမျိုးကို ပြဆိုချက်တည်း။ ။

---

## ဒွန်ကမ္မဝါစာကို ပြဆိုခြင်း

ထိုထိုကံကိုပြုရာ၌ ဒွန်ကမ္မဝါစာကို ဘုရားရှင်သည်။ ။ဝါကျ ဒွန် ကမ္မဝါစာ၊ သမာသ်ဒွန်ကမ္မဝါစာဟု ဒွန်ကမ္မဝါစာနှစ်မျိုး ဟောပြထားလျက် ရှိလေသည်။ ။

ထိုဒွန်ကမ္မဝါစာ နှစ်မျိုးတို့တွင် ဥပသမ္ပဒကံကိုပြုရာ၌ မည်သည့်ဒွန်ကမ္မဝါစာ ဘာသ်နည်းဖြင့် ရွတ်ဘာသ်၍ ရဟန်းပြုလျှင်အပ်၏။ မည်သည့် ဒွန်ကမ္မ

ဝါစာဘာသ်နည်းဖြင့် ရွတ်ဘာသ်၍ ရဟန်းပြုလျှင်မအပ်။ ဤသို့ အပ်သောဒွန် မအပ်သောဒွန်ဟု ဒွန်ကမ္မဝါစာကို အဋ္ဌကထာ၌ အဋ္ဌကထာဆရာသည် ခွဲခြား ဝေဘန်၍ ပြဆိုခြင်းမရှိချေ။ ။

ထို့အတူ ဋီကာစသော ကျမ်းတို့၌လည်း ပြဆိုခြင်းမရှိချေ။ ။

အဋ္ဌကထာဋီကာစသော ကျမ်းတို့၌ အပ်သောဒွန် မအပ်သောဒွန်ဟု ဒွန် ကမ္မဝါစာကိုခွဲခြားဝေဘန်၍ မပြဆိုခြင်းသည်ကား။ဘုရားရှင် ဟောပြအပ်သော ဒွန်ကမ္မဝါစာတို့နှင့် သင့်လျော်ညီညွတ်သော ဒွန်ကမ္မဝါစာဖြစ်လျှင် အပ်သော ဒွန်တို့ချည်းသာဖြစ်၏ဟု အဋ္ဌကထာဆရာ ဋီကာဆရာတို့နှလုံးထားရှိတော်မူသည် ဖြစ်၍ အပ်သောဒွန် မအပ်သောဒွန်ဟု ဒွန်ကမ္မဝါစာတို့ကို ခွဲခြား ဝေဘန်၍ ပြတော်မမူကြခြင်း ဖြစ်သည်။ ။

ဘုရားရှင်ဟောပြအပ်သောဒွန်ကမ္မဝါစာတို့နှင့် သင့်လျော်ညီညွတ်သော ဒွန်ကမ္မဝါစာဖြစ်လျှင် အပ်သည်၏အဖြစ်ကို ဝိမတိဋီကာ ပရိဝါသက်ဟာဝဂ်၌။ ။

**ပါဠိအဋ္ဌကထာသု ဒိဋ္ဌပယောဂံ တဒနုရူပဥ္စ ဝဋ္ဋတိ ဝဒန္တိ။ ။**

ဟု-၊ မိန့်ဆိုသည်။ ။

ပါဠိအဋ္ဌကထာသု၊ ပါဠိအဋ္ဌကထာတို့၌။ ဒိဋ္ဌပယောဂဉ္စ၊ တွေ့အပ် မြင် အပ်သော ပြယုဂ်ပုဒ်ပဒကိုရင်း။ တဒနုရူပဥ္စ၊ ထိုပါဠိတော်အဋ္ဌကထာတို့၌ တွေ့ မြင်အပ်သော ပုဒ်ပဒတို့နှင့် သင့်လျော်ညီညွတ်သော ပုဒ်ပဒကိုရင်း။ ဝဋ္ဋတိ၊ ကမ္မဝါစာ၌ ရွတ်ဘာသ်ခြင်းငှါ၊ ဝဋ္ဋတိ၊ အပ်၏။ ။

ဝိမတိဋီကာဆရာသည် ဥပသမ္ပဒကံကိုပြုရာ၌ ရွတ်ဘာသ်အပ်သော ဒွန် ကမ္မဝါစာကိုကား။ ပါဠိတော် အဋ္ဌကထာတို့၌ ပြအပ်သော ဒွန်ကမ္မဝါစာတို့ နှင့် ညီညွတ်လျှင် အပ်၏ဟုပြဆိုအပ်သည်၏အဖြစ်ကြောင့် ဥပသမ္ပဒကံကိုပြုရာ၌ ရွတ်ဘာသ်အပ်သော ဒွန်ကမ္မဝါစာကို ပါဠိတော်အဋ္ဌကထာတို့၌ပြဆိုအပ်သော ဒွန်ကမ္မဝါစာတို့နှင့် သင့်လျော် ညီညွတ်လျှင် အပ်သည်ဟူ၍သာ မှတ်ကုန်ရာ သည်။ ။

ဘုရားရှင်သည် ထိုထိုကံကိုပြုရာ၌ ဟောပြအပ်သော ဒွန်ကမ္မဝါစာသည် ကား ဝါကျဒွန်ကမ္မဝါစာ။ သမာသ်ဒွန်ကမ္မဝါစာ ဟု နှစ်မျိုးရှိ၏။ ။

ထိုနှစ်မျိုးသော ဒွန်ကမ္မဝါစာကိုတွင်။ ။

ဝါကျ ဒွန်ကမ္မဝါစာဟူသည်ကား။ ။ကြိယာကာရကတည်း၌ ကာရကအ များကို ဆည်းသော ဒွန်သည် ဝါကျဒွန်ကမ္မဝါစာမည်၏။ သာမညယ ဒွန်ကမ္မ ဝါစာလည်းမည်၏။ ။

သမာသ် ဒွန်ကမ္မဝါစာ ဟူသည်ကား။ ။အသီးသီးအနက်ပြဋ္ဌာန်းခြင်းရှိ သော ကာရကတို့ကို ပေါင်းစပ်အပ်သည်ဖြစ်၍ ပေါင်းစပ်ထားသော ဒွန်သည် သမာသ် ဒွန်ကမ္မဝါစာမည်၏။ဣတရီတရယောဂ ဒွန်ကမ္မဝါစာလည်းမည်၏။ ။

ဤသို့ ဒွန်ကမ္မဝါစာကို ဝါကျဒွန်ကမ္မဝါစာ။ သမာသ်ဒွန်ကမ္မဝါစာဟု နှစ်မျိုး ဘုရားရှင် ဟောပြလျက်ရှိခြင်းကြောင့် ဘုရားရှင်ဟောပြအပ်သော ဒွန် ကမ္မဝါစာတို့ကို အထောက်သာဓကပြု၍ နည်းနယယူလျက် ဥပသမ္ပဒ ဒွန်ကမ္မဝါ စာကို ထုတ်ဖော်ပြဆိုပါအံ့။ ။

ဘုရားရှင် ဟောပြအပ်သော ဒွန်ကမ္မဝါစာ နှစ်မျိုးတို့ကွင် ဝါကျ ဒွန် ကမ္မဝါစာသည် စယာသိတ သင်္ချာကြိယာသည် ဟောအပ်သော ဒွန်၊ အင်္ဂါ သိတသင်္ချာကြိယာသည် ဟောအပ်သော ဒွန်ဟု နှစ်မျိုးရှိ၏။ ။

ထိုနှစ်မျိုးသော ဒွန်တို့တွင်။ စယာသိတ သင်္ချာကြိယာသည် ဟောအပ် သော ဒွန်ကို စယာသိတ ဒွန်ကမ္မဝါစာဟု ခေါ်ဆိုအပ်၏။ ။

အင်္ဂါသိတ သင်္ချာကြိယာသည် ဟောအပ်သော ဒွန်ကို အင်္ဂါသိတ ဒွန် ကမ္မဝါစာဟု ခေါ်ဆိုအပ်၏။ ။

ထို့ကြောင့် ရဟန်းလောင်းတို့ကို ဒွန်တွဲ၍ ရွတ်ဘာသ်အပ်သော ဒွန် ကမ္မဝါစာတို့သည်ကား။ ။

၁။ ။စယာသိတဒွန္ဒ ကမ္မဝါစာ
၂။ ။အင်္ဂါသိတဒွန္ဒ ကမ္မဝါစာ
၃။ ။သမာသဒွန္ဒ ကမ္မဝါစာ

ဤသို့ ဥပသမ္ပဒ ဒွန်ကမ္မဝါစာတို့သည် သုံးမျိုးဖြစ်ကုန်ရာ၏။ ။

# စယာသိတဒ္ဓန္ဒ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယဉ္စ နာဂေါ အယဉ္စ ပါလော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါစ ပါလောစ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယဉ္စ နာဂေါ အယဉ္စ ပါလော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော။ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါစ ပါလောစ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂဿ စ ပါလဿ စ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သောတုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ သုဏာတု မေ ဘန္တေ သံဃော။ အယဉ္စနာဂေါ အယဉ္စပါလော အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခာ။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါစ ပါလောစ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂဿစ ပါလဿစ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

တတိယမ္ပိ ဧတမတ္ထ ဝဒါမိ သုဏာတု မေ ဘန္တေ သံဃော။ အယဉ္စနာဂေါ အယဉ္စပါလော အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခာ။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏဿ ပတ္တစီဝရံ။ နာဂေါစ ပါလောစ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂဿစ ပါလဿစ ဥပသမ္ပဒါ

အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဥပသမ္ပန္နော သံဃေန နာဂေါ ပါလော စ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

ရင်းဝိနိစ္ဆယ

ဤ[illegible] ကိုး[illegible] မြောက်[illegible] ကမ္မဝါ[illegible] သည်[illegible] ဝယာသမိဘဒ္ဒန္တ ကမ္မဝါစာ [illegible]

ရင်[illegible] ဝယာ[illegible] ဒွန်ကမ္မဝါစာသည်။ ရှုဥဝါ ပါဠိတော် သမယကွန္တက ဆဋ္ဌမှု (၂၂၄)၌

သမ္ပဝတော သံဃေန ဍုတ္တန္နာမော စ ဍုတ္တန္နာ မော စ ဘိက္ခူ ဥပဇ္ဈာယိကာယ ဍုပ အဝိကရဏ ရူပသမေတု။ ။

ဤ[illegible] ကို[illegible] ယာသိ[illegible] ကမ္မဝါစာ၏ အဖြစ်ဖြင့်ဘုရားရှင်ဟောပြအပ်သော ဥပဇ္ဈာယိက ကမ္မဝါစာနှင့်[illegible] ဆိုအပ်သော ဒွန် ကမ္မဝါစာဖြစ်သည်။ ။

**အနက်ကား။** ။သံဃေန၊ သံဃာသည်။ ဍုတ္တန္နာမော၊ ဤအမည် ရှိသော။ ဘိက္ခု[illegible]၊ ရဟန်း ကိုလည်းကောင်း။ ဍုတ္တန္နာမော၊ ဤအမည်ရှိသော။ ဘိက္ခုနီ၊ ရဟန်းကိုလည်းကောင်း။ ဥပဇ္ဈာယိကာယ၊ ဥပဇ္ဈာယိက ကမ္မဝါစာဖြင့်။

ဉာပ်အဓိကရဏံ၊ ဤအဓိကရဏ်းကို။ ဝူပသမေတုံ၊ ငြိမ်းစေခြင်းငှါ။ သမ္မုတော၊ သမုတ်အပ်ပြီ။ ။

ငှင်းကမ္မဝါစာ၌ သမ္မုတော ဟူသော ဒုန္နာပေက္ခ ဝါစက ကြိယာသည် ဉာတ္တန္တာမောစ ဉတ္တန္တာမောစဟူသော ဒွန်ပုဒ်တို့၏ အပေါင်းသချာကိုငဲ့၍ ဟောသော ကြိယာဖြစ်ခြင်းကြောင့် စယာသိတသချာ ကြိယာမည်လေသည်။ ။

ထို့ကြောင့် သမ္မုတောဟူသော ကြိယာကိုသမ္မုတော ဟု ဧကဝုစ်ဝိဘတ် အဆုံးထား၍ ဘုရားရှင် ဟောပြတော်မူသည်။ ။

ဝိမတိဝိနောဒနီဋီကာ၌လည်း။ ။

အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မ ရက္ခိတော စ
အာယသ္မတော သံဃရက္ခိတဿ ဥပသမ္ပဒါ
ပေက္ခာတိ အာဒိနာ နယေန ဧကေန အာစရိ
ယေန ဒွိန္နံ ဧကသ္မိံ ခဏေ အနုဿာဝန နယော
ဒဋ္ဌဗ္ဗော။ ။

ဟု-၊ မိန့်ဆို၏။

**အနက်ကား။** ။အယံဗုဒ္ဓရက္ခိတောစ၊ ဤဗုဒ္ဓရက္ခိတမည်သော ရဟန်းလောင်းသည်လည်းကောင်း။ အယံဓမ္မရက္ခိတောစ၊ ဤဓမ္မရက္ခိတ မည်သော ရဟန်းလောင်းသည်လည်းကောင်း။ အာယသ္မတော၊ ရှည်သော သက်တော်ရှိသော။ သံဃရက္ခိတဿ၊ သံဃရက္ခိတ မည်သော မထေရ်အား။ ဥပသမ္ပဒါပေက္ခာ၊ ရဟန်းအဖြစ်ကိုငဲ့၏။ ဣတိအာဒိနာ။ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ ဧကေန အာစရိယေန၊ တဦးသော ကမ္မဝါစာဆရာသည်။ ဒွိန္နံ၊ နှစ်ယောက်သော ရဟန်းလောင်းတို့အား။ ဧကသ္မိံ ခဏေ၊ တခဏတည်း၌။ အနုဿာဝန နယော၊ ကမ္မဝါစာ ရွတ်ဘာသ်နည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ။

ဤသို့ ဒွန်ကမ္မဝါစာ ဘာသ်နည်းကို ဋီကာဆရာ ပြဆိုလေသည်။ ။

**ဋီကာဆရာ၏အလိုကား။** ။စယာသိတ ဒွန် ကမ္မဝါစာ၏ အဖြစ်ဖြင့် ရွတ်ဘာသ်သောအခါ ရှေးကပြဆိုအပ်ပြီးသော ဥပသမ္ပဒ ကမ္မဝါစာရိုးရိုး၌

ပြင်သင့်သော ပုဒ်တို့ကိုပြင်၍။ မပြင်သင့်သော ပုဒ်တို့ကိုကား မူလရှိရင်းအတိုင်းသာ ဘာသ်သင့်သည်။ ။

ဥပသမ္ပဒ ကမ္မဝါစာရိုးရိုး၌ ပြင်သင့်သောပုဒ်တို့ကား။ **အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ**-ဟု ဥပသမ္ပဒါပေက္ခ နာမဝါစက ပုဒ်တို့ကိုပြင်၍ ပြဆိုခြင်းကြောင့် ဥပသမ္ပဒါ ပေက္ခ နာမဝါစက ပုဒ်တို့ကိုသာ ဒွန်အဖြစ်ဖြင့် ပြင်၍ ဘာသ်သင့်သည်။ ။

ဒွန္ဒာပေက္ခဝါစက ကြိယာတို့နှင့် ပဏ္ဏတ္တိသယသမ္ဗ နာမ်ပုဒ်တို့ကိုကား။ မပြင်သင့်။ မူလအတိုင်းဘာသ်သင့်သည်ဟု ဆိုလိုသည်။ ။

သို့ကြောင့် **ဥပသမ္ပဒါ ပေက္ခောတိ အာဒိနာ နယေန** ဟု မိန့်ဆိုလေသည်။ ။

## ထိုစကားရပ်ကို ရှင်းပြဦးအံ့

**ဥပသမ္ပဒါ ပေက္ခောတိ အာဒိနာ နယေန** ဟူသောပုဒ်အပေါင်းတို့တွင် **ဥပသမ္ပဒါပေက္ခော** ဟူသော ပါဠိဖြင့် အပေက္ခနကြိယာသည် **အယံဗုဒ္ဓရက္ခိတော စ အယံဓမ္မရက္ခိတော စ** ဟူသော ဒွန်ပုဒ်တို့၏ အပေါင်းသင်္ချာကိုငဲ့၍ ဟောသော ကြိယာဖြစ်ခြင်းကြောင့် စယာသိတသင်္ချာကြိယာမည်လေသည်။ ။

**စယာသိတ သင်္ချာကြိယာ** ဟူသည် အပေါင်းသင်္ချာကိုငဲ့၍ ဟောသော ကြိယာဖြစ်ခြင်းကြောင့် ဧကဝုစ်ဝိဘတ် အဆုံးရှိရာသည်။ ။

ထို့ကြောင့် **ဥပသမ္ပဒါပေက္ခော**ဟူသော ဒွန္ဒာပေက္ခ ပါဌကကြိယာကို မပြင်သင့်။ မူလရှိရင်းအတိုင်း ဧကဝုစ်ဝိဘတ်ဖြင့်သာ ရှိရာသည်ဟု ဋီကာဆရာပြဆိုလေသည်။ ။

**ဣတိအာဒိနာ နယေန** ဟူသောပါဠိဖြင့်။ ။အာဒိသဒ္ဒါ၏ အာဒိဝန် ဖြစ်သော **ပရိသုဒ္ဓေါ ယာစတိ ဥပသမ္ပန္နော** ဟူသော ဒွန္ဒာပေက္ခ ကြိယာတို့သည်လည်း **ဥပသမ္ပဒါပေက္ခော** ဟူသောပုဒ်ကဲ့သို့ စယာသိတ သင်္ချာကြိယာတို့မည်ကုန်၏။ ။

ထို့ကြောင့် ၎င်းပုဒ်တို့ကိုလည်း ဥပသမ္ပဒါပေက္ခော ဟူသောပုဒ်ကဲ့သို့ မပြင်သင့်။ မူလအတိုင်း ဧကဝုစ်ဝိဘတ်ဖြင့်သာ ရှိသင့်ကုန်သည်ဟု အာဒိဒီပက နည်းအားဖြင့် ဋီကာဆရာပြဆိုလေသည်။ ။

ဤသို့လျှင် ပါဠိတော်ဝယ် ဘုရားရှင်ဟောပြအပ်သော ဉာယာသိတ ဒွန် ကမ္မဝါစာ၌ ဒွန္ဒာပေက္ခဝါစက ကြိယာတို့၏ ဝုစ်သင့်ထားနည်းကို နည်းနယ ယူ၍၎င်း။ ။

ဝိမတိ ဋီကာဝယ် ဉာယာသိတ ဒွန်ကမ္မဝါစာကို ပြဆိုရာ၌ ဥပသမ္ပဒါ ပေက္ခောစသော ဒွန္ဒာပေက္ခဝါစက ကြိယာတို့ကိုကား မပြင်သင့်။ မူလအတိုင်း သာ ရှိသင့်သည်ဟု ပြဆိုခြင်းကြောင့်၎င်း။ ။

ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ၊ ယာစတိ၊ ဥပသမ္ပန္နာ ဟူသော ဒွန္ဒာပေက္ခဝါစက ကြိယာတို့ကို မူလရှိရင်းအတိုင်းသာ ကမ္မဝါစာ၌ ပြဆို လိုက်သည်။ ။

ရဟန်းလောင်း သုံးပါးတို့ကို ဒွန်ကွဲ၍ ဘာသ်ရာ၌လည်း ပြဆိုအပ်ပြီး သော နည်းအတိုင်း မှတ်ရာ၏။ ။

---

## အသ-သဒ္ဒါတချက်တည်း ရှိသင့်ကြောင်းကို ပြဆိုခြင်း

ဤ ဉာယာသိတ ဒွန်ကမ္မဝါစာဝယ် ပရိပုဏ္ဏာသ ပတ္တစီဝရံ ၌ ပရိပုဏ္ဏာသ ကို တချက်တည်း ပြဆိုခြင်းသည်ကား။ အသ ဟူသော ပဏ္ဏတ္တိသယသဗ္ဗ နာပ် ပုဒ်သည် ရှေးဝါကျ၌ ဟောအပ်ပြီးသော ဒွန်ပုဒ်တို့၏ အပေါင်းသင်္ချာကို ငဲ့၍ စွဲသောကြောင့်၎င်း။ ရဟန်းလောင်းတို့၏ ဇာတ်ကို ငဲ့၍ စွဲသောကြောင့်၎င်း။ အသ-ဟု တချက်တည်း မူလအတိုင်းသာရှိသင့်လေသည်။ ။

ထို့ကြောင့် ပရိပုဏ္ဏာသပတ္တစီဝရံဟု အသ သဒ္ဒါကို မူလရှိရင်းအတိုင်း တချက်တည်းသာ ပြဆိုလိုက်သည်။ ။

ဝိမတိ ဋီကာဆရာသည်လည်း။ ဥပသမ္ပဒါပေက္ခောတိ အာဒိနာနယေန-ဟူ

သော ပုဒ်အပေါင်းတို့တွင် **ဥပသမ္ပဒါပေက္ခော** ဟူသော ပါဌ်ဖြင့် **ဥပသမ္ပဒါပေက္ခော** ဟူသောပုဒ်သည် မူလအတိုင်းသာ ရှိသင့်သည်ဟု ပြဆိုလေသည်။ ။

**ဣတိ အာဒိနာ နယေန** ဟူသော ပါဌ်ဖြင့် အာဒိသဒ္ဒါ၏ အာဒိဝန်၌ အကျုံးဝင်သော ပဏ္ဍကဝိသယ သမ္ဗ နာမ်ပုဒ်၊ **အဿ**-သဒ္ဒါသည်လည်း မူလအတိုင်းသာ ရှိသင့်သည်ဟု **အာဒိဒိပကနည်း**အားဖြင့် ဋီကာဆရာ ပြဆိုလေသည်။ ။

**အဿ** ဟူသော ပဏ္ဍကဝိသယ သမ္ဗနာမ်ပုဒ်သည် ဒွန်ကိုငဲ့၍ စွဲသော သမ္ဗနာမ်ပုဒ်ဖြစ်သည့်အလျောက် ဒွန်နှင့်လျော်စွာ ပြင်၍စွဲသင့်သည်ဖြစ်ပါအံ့။ ဋီကာဆရာသည် ၎င်းပုဒ်ကိုပြင်၍ တမျိုးတဖုံပြဆိုသင့်သည်။ထိုသို့ကားပြင်၍မပြဆိုချေ။ ပြင်၍မပြဆိုခြင်းသည်ကား။ ဋီကာဆရာသည် ၎င်းပုဒ်ကို မူလအတိုင်းသာ ယူစေလိုသည်။ ။

ထို့ကြောင့် **ပရိပုဏ္ဏဿ** ဟု **အဿ** သဒ္ဒါကို တချက်တည်းသာ ပြဆိုလိုက်ခြင်း ဖြစ်သည်။ ။

**အဿ**-သဒ္ဒါ တချက်တည်းသာ ရှိသင့်ကြောင်းကို မိုင်းနိုင်ဆရာရေး-တိပေဋက ဝိနိစ္ဆယကျမ်း ဒုတိယတွဲ နံပါတ်(၄၄၉)၌။

မဟာဓမ္မိကာ ရာမတိုက် စလင်းဆရာတော်ကား **အဿ**-၌ **တ**သဒ္ဒါသည် လွန်လေပြီးသော ရဟန်းလောင်း သုံးယောက်၊ သုံးယောက်ကို စွဲနိုင်ဟောနိုင်ရကား **ပရိပုဏ္ဏဿ** ဟု **အဿ** သဒ္ဒါ တချက်တည်းနှင့် ဘာသ်သော်လည်း သင့်လျော်၏ဟု အမိန့်ရှိသည်။ ။

ဤသို့ ပြဆိုထားလေသည်။ ။

ထို့ပြင် မိုန်ကုန်းဆရာတော်ရေး တိပိဋက ပကိဏ္ဏကဒီပနီကျမ်း နံပါတ် (၂၁၇)၌လည်း။ ။

ဤတွင် သမ္ဗနာမ်ပုဒ်ဖြစ်၍ **နာဂေါ၊ နာဂေါ** ဟု သရုပ်အားဖြင့် ပြအပ်ပြီးသည်ကို **သော သမ္ဗော** ဟု တကြိမ်ဆိုသော်လည်း အပြစ်မရှိဟု မဟာဝိဇိတာရာမ ဆရာတော်အမိန့်ရှိ၏။ ။

ထိုစကားရပ်ကို-

**သာစ ဉတ္တိ သောဝယသော တာနိစ**
**ပါဒေသု စတ္တာနိ၊ သဗ္ဗံ သမန္တာရဟိတံ။ ။**

သာစ ဉတ္တိ၊ ထိုကန့်ဒိုးအာဂိဉာဉ် အပေါင်းသည်ရင်း။သောစယသော ထိုအခြံအရံအပေါင်းသည်ရင်း။ ပါဒေသု၊ ခြေဖော်တို့၌။ တာနိစ စတ္တာနိ၊ ထိုစက်တော်တို့သည်ရင်း။ အတ္တိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသည်။ သမန္တာရဟိတံ၊ ကွယ်ပျောက်တော်မူပြီ။ ။ဤကားအနက်။

ဤအဋ္ဌကထာပါဠ်၌ **သာစ သောစ တာနိစ** ဟု သရုပ်အားဖြင့်ပြအပ်ပြီးသည်ကို **သဗ္ဗ** သဒ္ဒါဖြင့် စွဲသည်ကိုပြင်သောကြောင့် ယုပ္ပုတရဟုမှတ်ရာ၏။ ။

ဤသို့ပြဆိုထားလေသည်။ ။ထိုသို့ ပြဆိုပြီးနောက်၊ ရင်းကျမ်းနံပါတ် (၂၁၈)၌

**ပရိ ပုဏ္ဏာဿ ပတ္တစီဝရံ** ဟူသော ပုဒ်၌ ရှိသည့်အတိုင်း **ပရိ ပုဏ္ဏာဿ ပတ္တစီဝရံ** ဟူ၍ ရွတ်ဘာသ်ရာ၏။ ။

ဤသို့ပြဆိုထားသည်။ ။

ထို့ပြင် ဒွန်ပုဒ်တို့၏ အပေါင်းသင်္ချာကိုင်ငဲ့၍ ဧကဝုစ်ဝိဘတ်ဖြင့် သဗ္ဗ နာမ်ပုဒ် တချက်တည်းစွဲနည်းကို ဘုရားရှင်သည် သုတ်မဟာဝါ ပါဠိတော် မဟာပရိနိဗ္ဗာနသုတ် ဆင္ဃဘာဏဝါရ အစ၌-

**ယောဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ**
**ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန**
**သတ္ထာ။ ။**

ဟု-ဟောပြတော်မူသည်။ ။

အာနန္ဒ၊ အာနန္ဒာ၊ မယာ၊ ငါဘုရားသည်။ ဝေါ၊တုမှာကံ၊ သင်တို့အား၊ ယော ဓမ္မောစ၊ အကြင် သုတ် အဘိဓမ္မာကို လည်းကောင်း။ ယော ဝိနယောစ၊ အကြင် ဝိနည်းတရားကိုလည်းကောင်း။ ဒေသိတောစေဝ၊ ဟော

လည်း ဟောအပ်ပြီ။ ပညတ္တော၁စ၊ ပညတ်လည်း ပညတ်အပ်ပြီ။ သော ဝမ္မ ဝိနယော၊ ထိုသုတ်အဘိဓမ္မာ ဝိနည်းတရားသည်။ မမစ္စယေန၊ ငါဘုရား ကွယ်လွန်သဖြင့်။ ဝေါ-တုမှာကံ၊ သင်တို့၏။သတ္ထာ၊ဆရာတည်း။ ။ဤကားအနက်။

ထိုဒေသနာတော်၌ သော ဟူသော သဗ္ဗနာမ်ပုဒ်သည် ရှေ့ဝါကျ၌ ဟောအပ်ပြီးသော ဓမ္မ-ဝိနယ ဟူသော ဒွန်ပုဒ်တို့၏အပေါင်းကိုငဲ့၍ ပဏ္ဏတ္တိ ဝိသယ၏အဖြစ်ဖြင့်စွဲ၏။ ထို့ကြောင့် ၎င်းပုဒ်ကို သော ဟု ဧကဝုစ်ဝိဘတ်ဖြင့် တချက်တည်းဘုရားရှင်ဟောပြတော်မူသည်။ ။

ထို့ကြောင့် တချက်တည်း ဧကဝုစ်ဝိဘတ်ဖြင့် စွဲအပ်သည်၏အဖြစ်ကို **သောဓမ္မဝိနယော** ဟု အဋ္ဌကထာဆရာ ပြဆိုလေသည်။ ။

ဤသို့ဘုရားရှင်ဟောပြအပ်သော ပဏ္ဏတ္တိဝိသယ သဗ္ဗ နာမ်ပုဒ်၏ စွဲနည်းကို ထောက်ဆ၍လည်း **အဿ** ဟူသော ဝိသယ ပုဒ်ကို တချက်တည်းသာ ဘာသ်သင့်သည်ဟုမှတ်ယူရာ၏။ ။

---

## ဆရာတော်ကြီးများ၏ရွတ်ဘာသ်နည်း

ဆရာတော်ကြီးများ၏ ရွတ်ဘာသ်နည်းကား။ ။**ပရိပုဏ္ဏဿစ အဿစ** ဟု **အဿ** ဟူသော ပဏ္ဏတ္တိဝိသယ သဗ္ဗနာမ်ပုဒ်ကို ဒွန်ဝါကျပြု၍ ရွတ်ဘာသ် တော်မူကြသည်။ ။

ပဏ္ဏတ္တိဝိသယ သဗ္ဗနာမ်ပုဒ်ကို ဒွန်ဝါကျပြု၍ ဘာသ်အပ်သောနည်းကား။ ။ပါဠိတော် အဋ္ဌကထာ စသော ကျမ်းဂန်တို့၌ စွဲသုံးသော ပြယုဂ် ထုံးသာဓကရှိမူ သင့်ရာ၏။ပါဠိတော် အဋ္ဌကထာ စသော ကျမ်းဂန်တို့၌ စွဲသုံး သော ထုံးသာဓက မရှိချေသော်-

**ပါဠိအဋ္ဌကထာသု ဒိဋ္ဌပယောဂံ တဒနု ရူပဉ္စ**
**ဝတ္တုံ ဝဋ္ဋတိ၊ တတောအညံ နဝဋ္ဋတိ။ ။**

ဟု-မိန့်ဆိုသော ဝိမတိဝိနောဒနီဋီကာဆရာ၏ မိန့်မှာချက်ဖြင့် သတိပြုသင့်သည်။ ။

# အင်္ဂါသိတဒ္ဍန္ဒ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ အယဉ္စ နာဂေါ အယဉ္စ ပါလော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ။ နာဂေါ စ ပါလော စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော၊ အယဉ္စ နာဂေါ အယဉ္စ ပါလော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ။ နာဂေါ စ ပါလော စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာယသ္မတော ခမတိ နာဂဿ စ ပါလဿ စ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ……သုဏာတု မေ ဘန္တေ သံဃော။ အယဉ္စနာဂေါ အယဉ္စပါလော အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခာ။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏံ ဧတေသံ ပတ္တစီဝရံ။ နာဂေါစ ပါလောစ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂဿစ ပါလဿစ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ……သုဏာတု မေ ဘန္တေ သံဃော။ အယဉ္စနာဂေါ အယဉ္စပါလော အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခာ။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏံ ဧတေသံ ပတ္တစီဝရံ။ နာဂေါစ ပါလောစ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂဿစ ပါလဿစ ဥပသမ္ပဒါ

အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော
တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဥပသမ္ပန္နော သံဃေန နာဂေါ စ ပါလော စ
အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ
သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

## ၎င်းဝိနိစ္ဆယ

ဤပြဆိုအပ်ပြီးသော ဒွန်ကမ္မဝါစာသည်ကား အင်္ဂါသိဟ ဒွန်ကမ္မဝါစာ တည်း။ ။

၎င်း အင်္ဂါသိဟ ဒွန်ကမ္မဝါစာကား ပါရာဇိက ပါဠိတော် သံဃာဒိ သေသကဏ္ဍ ဘေဒါနုဝတ္တက သိက္ခာပုဒ်၌ အင်္ဂါသိဟ ဒွန် ကမ္မဝါစာ၏ အဖြစ် ဖြင့် ဘုရားရှင်ဟောပြအပ်သော သမနုဘာသန ကမ္မဝါစာနှင့်အညီ ပြုဆိုအပ် သော ဒွန်ကမ္မဝါစာဖြစ်သည်။ ။

ပါရာဇိက ပါဠိတော်၌-။ ။

သမနုဘဋ္ဌာ သံဃေန ဣတ္ထန္နာမော စ
ဣတ္ထန္နာမော စ ဘိက္ခူ။ တဿ ဝတ္ထုဿ ပဋိ
နိဿဂ္ဂါယ။ ခမတိ သံဃဿ။ တသ္မာ တုဏှီ။
ဧဝမေတံ ဓာရယာမိ။ ။

ဟု-ဘုရားရှင် ဟောပြတော်မူသည်။ ။

**အနက်ကား**။ ။သံဃေန၊ သံဃာတော်သည်။ ဣတ္ထန္နာမော စ၊ ဤ အမည်ရှိသည်လည်းဖြစ်သော။ ဣတ္ထန္နာမော စ၊ ဤအမည်ရှိသည်လည်းဖြစ်သော။

ဘိက္ခု၊ ရဟန်းတို့ကို။ တဿဝတ္ထုဿ၊ ထိုအယူကို။ ပဋိနိဿဂ္ဂါယ၊ စွန့်စိမ့်သောငှါ။ သမနုဘာသာ၊ ဆုံးမအပ်ကုန်ပြီ။ သံဃဿ၊ သံဃာတော်သည်။ ခမတိ၊ နှစ်သက်၏။ တသ္မာ၊ ထို့ကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်။ ဘဝတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့ ဆိတ်ဆိတ်ဖြစ်သဖြင့်။ ဧတံ-ခမနဘာဝံ၊ ထိုနှစ်သက်သောအဖြစ်ကို။ ဓာရယာမိ၊ မှတ်ရ၏။ ။

ငင်းကမ္မဝါစာ၌ **သမနုဘာသာ** ဟူသော ဒွန္ဒာပေက္ခဝါစက ကြိယာသည် ဣတ္ထန္နာမော ဣတ္ထန္နာမော ဟူသော ဒွန်ပုဒ်တို့၏၊ အစိတ်သချာကိုငဲ့၍ငင်း။ ဒြပ်ကိုငဲ့၍ငင်း။ ဟောသော ကြိယာဖြစ်ခြင်းကြောင့် အင်္ဂါသိတ သချာကြိယာမည်၏။ ။

**အင်္ဂါသိတ သချာကြိယာဟူသည်** ဗဟုဝုစ်ဝိဘတ်ဖြင့်သာလျှင် ရှိရာသည်။ ထို့ကြောင့် ငင်းပုဒ်ကို **သမနုဘာသာ**ဟု ဗဟုဝုစ်ဝိဘတ်ဖြင့် ဘုရားရှင် ဟောပြတော်မူသည်။ ။

ဘုရားရှင် ဟောပြတော်မူအပ်သော အင်္ဂါသိတသချာကြိယာ၏ ဝုစ်သချာထားနည်းကို ထောက်ဆလျှင်။ ဤ ဥပသမ္ပဒကမ္မဝါစာ၌ ရှိသော **ဥပသမ္ပဒါပေက္ခာ ပရိသုဒ္ဓါ ယာစန္တိ ဥပသမ္ပန္နာ** ဟူသော ဒွန္ဒာပေက္ခဝါစက ကြိယာတို့ကိုလည်း **အယဥ္စနာဂေါ အယဥ္စပါလော** ဟူသော ဒွန်ပုဒ်တို့၏ အစိတ်သချာကိုငဲ့၍ ဟောသော အင်္ဂါသိတ သချာကြိယာတို့ ဖြစ်ခြင်းကြောင့် ဗဟုဝုစ်ဝိဘတ်ဖြင့်သာလျှင် ပြဆိုသင့်သည်။ ။

ထို့ကြောင့် ငင်းပုဒ်တို့ကို ဗဟုဝုစ်ဝိဘတ်ဖြင့်သာ ပြဆိုလိုက်သည်။ ။

ငင်းဒွန်ကမ္မဝါစာသည်ကား။ အင်္ဂါသိတသချာကြိယာသည် ဟောအပ်သော ဒွန်ဖြစ်ခြင်းကြောင့် အင်္ဂါသိတဒွန္ဒ ကမ္မဝါစာမည်၏။ ။

ရဟန်းလောင်း သုံးပါးတို့ကို ရွတ်ဘာသ်ရာ၌လည်း ပြဆိုအပ်ပြီးသော ဒွန်ဘာသ်နည်းအတိုင်း မှတ်ရာ၏။ ။

ဒွန် ကမ္မဝါစာဘာသ်နည်းကို ပြဆိုရာဝယ် ဝိမတိဋီကာ၌ စယာသိတ ဒွန် ကမ္မဝါစာ ဘာသ်နည်းတမျိုးကိုသာလျှင် ပြဆိုလေသည်။ အင်္ဂါသိတ ဒွန် ကမ္မဝါစာ သမာသ် ဒွန်ကမ္မဝါစာဘာသ်နည်းတို့ကိုကား ပြဆိုခြင်းမရှိချေ။ ။

အင်္ဂါသိတ ဒွန်ကမ္မဝါစာ သမာသ် ဒွန်ကမ္မဝါစာဘာသ်နည်းတို့ကို ဋီကာဆရာမပြဆိုခြင်းသည်။ ၎င်းဒွန်ကမ္မဝါစာ ဘာသ်နည်းတို့ဖြင့် ရွတ်ဘာသ်၍ ဥပသမ္ပဒကံကို ပြုချေသော် ဥပသမ္ပဒကံပျက်ရသောကြောင့် ၎င်းဒွန်ကမ္မဝါစာ ရွတ်ဘာသ်နည်းတို့ကို ဋီကာဆရာထုတ်ဖေါ်၍ မပြဆိုဟု ဤသို့လည်း မမှတ်ယူအပ်။ ။

၎င်း ဒွန်ကမ္မဝါစာ ဘာသ်နည်းတို့ဖြင့် ရွတ်ဘာသ်၍ ဥပသာမ္ပဒကံကို ပြုသော် ဥသမ္ပဒကံသည် အကယ်၍ ပျက်သည်ဖြစ်အံ့။ ဥပသမ္ပဒကံကိုပြုရာ၌ ၎င်း ဒွန်ကမ္မဝါစာ ဘာသ်နည်းတို့ဖြင့် ဥပသမ္ပဒကံကို မပြုအပ်။ ၎င်း ဒွန်ကမ္မဝါစာ ဘာသ်နည်းတို့ဖြင့် ဥပသမ္ပဒကံကို ပြုချေသော် ဥပသမ္ပဒကံသည် ပျက်ရာ၏ ဟု မအပ်သောအဖြစ်ကို ဋီကာဆရာသည် ပြဆိုရာ၏။ ထို့အတူ အဋ္ဌကထာဆရာသည်လည်း မအပ်သောအဖြစ်ကို ပြဆိုရာ၏။ ။

အဋ္ဌကထာ ဆရာ ဋီကာဆရာတို့ကား ၎င်းဒွန်ကမ္မဝါစာတို့ဖြင့် ဥပသမ္ပဒကံကို ပြုရာ၌ မအပ်သောအဖြစ်ကို မပြဆိုကြကုန်။ ။

ထိုသို့မပြဆိုခြင်းသည်ကား အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့သည် ဥပသမ္ပဒကံအရာ၌ ဂရုမမူကြောင့်ကြမှု မပြုကြခြင်းကြောင့် မပြကြကုန်ဟု ဤသို့လည်း ထင်မှတ်ခြင်းကို မပြုအပ်။ ။

အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့သည် ယခုကာလ၌ ရှိကြကုန်သော ထေရ်ရှင်အပေါင်းတို့ထက် ဥပသမ္ပဒကံကို အလွန်လျှင် အလေးဂရု ကြောင့်ကြမှု ပြုကြကုန်၏။ ။

ထိုဆရာတော်တို့သည် အင်္ဂါသိတဒွန်ကမ္မဝါစာ သမာသ်ဒွန်ကမ္မဝါစာ တို့ကို မအပ်သောဒွန်တို့ဟူ၍ မမှတ်ယူကြကုန်။ ဘုရားရှင်ဟောပြအပ်သော ဒွန်ကမ္မဝါစာတို့နှင့် ညီညွတ်သော ဒွန်ကမ္မဝါစာတို့ ဖြစ်ခြင်းကြောင့် အပ်သော ဒွန်ကမ္မဝါစာတို့ချည်းသာ ဖြစ်ကုန်၏ဟု နှလုံးထားတော်မူကြကုန်သည်။ ။

ဝိမတိဋီကာ၌ စယာသိတ ဒွန်ကမ္မဝါစာဘာသ်နည်းတမျိုးတည်းကိုသာ ပြဆိုခြင်းသည်ကား။ ဥပလက္ခဏာနည်း အားဖြင့်သာ လျှင် ပြဆိုသည်ဟု မှတ်ရာ၏။ ။

ထို့ကြောင့် အင်္ဂါသိတ ဥန်ကမ္မဝါစာ သမာသ် ဥန်ကမ္မဝါစာဘာသ်နည်းတို့ဖြင့် ရွတ်ဘာသ်၍ ဥပသမ္ပဒကံကိုပြုသော် ပြုအပ်သောဥပသမ္ပဒကံသည် ပြီးမြောက်အောင်မြင်သည်ဟု မှတ်ကုန်ရာသည်။ ။

ဘုရားရှင်ဟောပြအပ်သော ဥန်ကမ္မဝါစာတို့နှင့် ညီညွတ်သော ကမ္မဝါစာတို့ဖြင့် ဥပသမ္ပဒကံကိုပြုသော် ပြုအပ်သောဥပသမ္ပဒကံ၏ပြီးမြောက် အောင်မြင်ကြောင်းကို ဝိမတိဋီကာ ပရိဝါသဂ်ဟာဝဂ်၌။ ။

ပါဠိအဋ္ဌကထာသု ဒိဋ္ဌပယောဂံ တဒနုရူပဥ္စ
ဝတ္တုံ ဝဋ္ဋတိ။ ။

ဟု-မိန့်ဆို၏။ ။

ဤသို့ဋီကာဆရာမိန့်မှာတော်မူသောကြောင့် သုဓမ္မာဂိုဏ်း ဆရာတော်ကြီးများ။ ရွှေကျင်ဂိုဏ်းဆရာတော်ကြီးများသည် အင်္ဂါသိတ ဥန်ကမ္မဝါစာကို အသုံးပြုရန် ထုတ်နုတ်၍ ဖေါ်ပြထားတော်မူကြသည်။ ။

---

## ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ-ဟု ထားသင့်ကြောင်းကို ပြဆိုခြင်း

ဤအင်္ဂါသိတဥန်ကမ္မဝါစာ၌ ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ ဟု တေသံ သဒ္ဒါတချက်တည်းဖြင့် ပြဆိုခြင်းသည်ကား။ ဘေဒါနုဝတ္တက သိက္ခာပုဒ် သမန္တပါသာဒိက ကမ္မဝါစာ၌ ဘုရားရှင်ဟောပြအပ်သော ပဏ္ဏတ္တိဝိသယ သမ္ဘုနာမ်ပုဒ်၏ ဝုစ်သချာထားနည်း စွဲသုံးနည်းနှင့်အညီ ပြဆိုခြင်းဖြစ်လေသည်။ ။

၎င်းကမ္မဝါစာ၌ ပဏ္ဏတ္တိဝိသယ သမ္ဘုနာမ်ပုဒ်၏ ဝုစ် သ ချာ ထား နည်း စွဲသုံးနည်းကား။ ။

သုဏာတု မေ ဘန္တေ သံဃော။ ဣတ္ထန္နာ
မောစ ဣတ္ထန္နာမောစ ဘိက္ခူ ဣတ္ထန္နာမဿ
ဘိက္ခုနော သံဃဘေဒါယ ပရက္ကမန္တဿ အနု
ဝတ္တကာ ဝဂ္ဂဝါဒကာ၊ (တေ) တံဝတ္ထုံ နပဋိ
နိဿဇ္ဇန္တိ။ ။

စသတည်း။ ။

**အနက်ကား။** ။ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ ဘုရားတပည့်တော်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူလော့။ ဣတ္တန္နာမောစ၊ ဤအမည်ရှိသည်လည်းဖြစ်သော။ ဣတ္တန္နာမောစ၊ ဤအမည်ရှိသည်လည်းဖြစ်သော။ ဘိက္ခူ၊ ရဟန်းတို့သည်၊ သံဃဘေဒါယ၊ သံဃာကို ကွဲပြားစေခြင်းငှါ။ ပရက္ကမန္တိ၊ လုံ့လပြုသော။ ဣတ္ထန္နာမေသာ၊ ဤအမည်ရှိသော။ ဘိက္ခုနော၊ ရဟန်း၏။ အနုဝတ္တကာ၊ အတုလိုက်ရှုကျင့်ကုန်သည်။ ဝဂ္ဂဝါဒကာ၊ ဝဂ်ဖြစ်အံ့သောစကားကို ဆိုတတ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တေ-ဘိက္ခူ၊ ထိုရဟန်းတို့သည်။ တံဝတ္ထုံ၊ ထိုအယူကို။ နပဋိနိဿဇ္ဇန္တိ။ မစွန့်ကြကုန်။ ။

ဤ၌ကမ္မဝါစာ၌ တေ ဟူသော ပဏ္ဏတ္တိဝိသယသမ္ဗန္ဓာမ်ပုဒ်သည် ရှေးဝါကျ၌ ဟောအပ်ပြီးသော ဒွန်ပုဒ်တို့၏ ဖြာ်အစိတ်ကို ငဲ့၍စဲ့သော ဝိသယပုဒ် ဖြစ်ခြင်းကြောင့် ဤပုဒ်ကို တေ ဟု ဗဟုဝုစ်ဝိဘတ်ဖြင့် တချက်တည်း ဘုရားရှင် ဟောပြတော်မူသည်။ ။

ဒွန်ကိုစွဲသောပုဒ်ဖြစ်သည့်အလျောက် ဒွန်ဝါကျပြု၍ စွဲပြတော်မမူ။ ။

ဘုရားရှင်ဟောပြအပ်သော ဤ၌ကမ္မဝါစာ၌ သမ္ဗန္ဓာမ်ပုဒ်၏ ဝုစ်သင်္ချာ ထားနည်း စွဲသုံးနည်းတို့ကို ထောက်ဆလျှင် ဤ ဥပသမ္ပဒ အင်္ဂါသိတ ဒွန် ကမ္မဝါစာ၌ ပဏ္ဏတ္တိဝိသယပြု၍ စွဲသော သမ္ဗန္ဓာမ်ပုဒ်ကိုလည်း ရှေးဝါကျ၌ ဟောအပ်ပြီးသော ဒွန်ပုဒ်တို့၏ အစိတ်သင်္ချာကိုငဲ့၍စွဲသော သမ္ဗန္ဓာမ်ပုဒ် ဖြစ်ခြင်းကြောင့် ဗဟုဝုစ်ဝိဘတ်ဖြင့် တချက်တည်းသာထားသင့်လေသည်။ ။

ထို့ကြောင့် **ပရိပုဏ္ဏံ** **တေသံ** **ပတ္တစီဝရံ** ဟု **တေသံ** သဒ္ဒါတချက်တည်း ပြဆိုလိုက်သည်။ ။

ဗဟုဝုစ်ဝိဘတ်ဖြင့် **တေသံ** သဒ္ဒါတချက်တည်းရှိသင့်ကြောင်းကို စလင်းဆရာတော်ရေး မဟာဝါဂဏ္ဌိသစ်ကျမ်း နံပါတ်(၁၅၉)၌ရှုင်း။ ။

မိုင်းခိုင်ဆရာတော်ရေး တိပေဋက ဝိနိစ္ဆယကျမ်း နံပါတ် (၄၄၉)၌ ရှုင်း။ ။

**ပရိပုဏ္ဏံ** **တေသံ** **ပတ္တစီဝရံ** ဟု ဗဟုဝုစ်ဝိဘတ်ဖြင့် **တေသံ** သဒ္ဒါ တချက်တည်း ပြဆိုထားလေသည်။ ။

## ပရိပုဏ္ဏဿ အဿ သဒ္ဒါသည် တသဒ္ဒါ၏ ကာရိယ ဖြစ်သင့်သည်ကိုပြဆိုခြင်း

ပရိပုဏ္ဏဿ ပတ္တစီဝရံ ဟူသော ပုဒ်ဝယ် အဿ၌ အကို ဘုရားရှင်၏ အလိုတော်မှာ တ သဒ္ဒါ၏ ကာရိယ ဖြစ်သည်ဟု မှတ်ယူသင့်သည်။ ။

တ သဒ္ဒါ၏ ကာရိယ ဖြစ်သင့်ကြောင်း အာဂမယုတ္တိကို ဇူဠဝါ ပါဠိတော် သမုစ္စယက္ခန္ဓက၌ ဘုရားရှင် ဟောပြအပ်သော ပရိဝါသ် ကမ္မဝါစာ စသည်တို့ကို ထောက်ဆ၍ သိအပ်၏။ ။

ထောက်ဆ၍သိအပ်သော ဘုရားဟော ကမ္မဝါစာတို့တွင် ထောက်ဆ၍ သိနိုင်ရန် အဗ္ဘာန ကမ္မဝါစာတခုကို ကုတ်ဖော်၍ပြဆိုအံ့။ ။

# အဗ္ဘာန ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ (အယံ) ဥဒါယိ ဘိက္ခု ဧကံ အာပတ္တိံ အာပဇ္ဇိ သဉ္စေတနိကံ သုက္ကဝိဿဋ္ဌိံ ဧကာဟပ္ပဋိစ္ဆန္နံ၊ (သော) သံဃံ ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ ဧကာဟပ္ပဋိစ္ဆန္နာယ ဧကာဟပရိဝါသံ ယာစိ။ သံဃော ဥဒါယိဿ ဘိက္ခုနော ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ ဧကာဟပ္ပဋိစ္ဆန္နာယ ဧကာဟပရိဝါသံ အဒါသိ၊ (သော) ပရိဝုတ္ထပရိဝါသော သံဃံ ဧကိဿာ အာပတ္တိယာ

## သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ ဧကာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ ယာစိ။ သံဃော ဥဒါယိဿ ဘိက္ခုနော ဧကိဿာ အာပတ္တိယာ သဉ္စေတနိကာယ သုက္ကဝိဿဋ္ဌိယာ ဧကာဟပ္ပဋိစ္ဆန္နာယ ဆာရတ္တံ မာနတ္တံ အဒါသိ၊(သော)စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဥဒါယိံ ဘိက္ခုံ အဗ္ဘေယျ။ ဧသာ ဉတ္တိ။ ။

ဤကားထောက်ဆ၍ သိအပ်သော ကမ္မဝါစာတည်း။ ။

၎င်းကမ္မဝါစာ၌ ဘုရားရှင်၏ သမ္ဗုနာမ်ပုဒ် စွဲသုံးနည်းကား။ ။အနီး မျက်မှောက်၌ ရှိသော ကမ္မာရဟ ပုဂ္ဂိုလ်ကို သမ္ဗုနာမ်ပုဒ်ဖြင့် စွဲသုံးသောအခါ အာသန္နတ္တသမ္မုခတ္တဖြစ်သည့်အလျောက် ၎င်းကမ္မာရဟ ပုဂ္ဂိုလ်ကို ရှေးရှု၍အစ ဝါကျ၌ အာသန္နတ္တဝါစက-ဣမ-သဒ္ဒါ၏ ကာရိယ အယံ သဒ္ဒါဖြင့် သာလျှင် ဘုရားရှင်စွဲသုံး၍ ပြတော်မူသည်။ ။

ထို့နောင်။ နောက်နောက် ဝါကျတို့၌ စွဲသုံးသော ပဏ္ဏတ္တိဝိသယ သမ္ဗုနာမ်ပုဒ်တို့ကိုကား။ ရှေးဝါကျ၌ ဟောအပ်ပြီးသော ကမ္မာရဟ ပုဂ္ဂိုလ်ကိုငဲ့၍ ပဏ္ဏတ္တိဝိသယ၊ **အယံ**-သဒ္ဒါဖြင့် စွဲသုံးတော်မမူဘဲ။ တ-သဒ္ဒါ၏ ကာရိယ၊**သော**-သဒ္ဒါဖြင့်သာလျှင် စွဲသုံး၍ပြဆိုတော်မူသည်။ ။

စူဠဝါပါဠိတော် သမထက္ခန္ဓက အမူဠှဝိနယ ကမ္မဝါစာ၌လည်း၊ ထို နည်းတူစွာ အစဝါကျ၌- **ဣမ**-သဒ္ဒါ၏ ကာရိယ၊ **အယံ**-သဒ္ဒါဖြင့် ဟောပြီး နောက်။ နောက်နောက်ဝါကျတို့၌ကား။တ-သဒ္ဒါ၏ ကာရိယ-**သော**-သဒ္ဒါဖြင့် သာလျှင် စွဲသုံး၍ပြတော်မူသည်။ ။

၎င်းကမ္မဝါစာတို့၌ ဘုရားရှင်၏ သမ္ဗု နာမ်ပုဒ်စွဲသုံးနည်းကို ထောက်ဆ လျှင်၊ **ပရိပုဏ္ဏဿ** ၌အဿ ကိုလည်း ရှေးဝါကျ၌ ဟောအပ်ပြီးသောကမ္မာရဟ

ပုဂ္ဂိုလ်ကိုင်၍ စွဲသော ပဏ္ဏတ္တိ ဝိသယ သမ္ဗန္ဓာဝမ်ပုဒ်ဖြစ်ခြင်းကြောင့် တ သဒ္ဒါ၏ ကာရိယ အဿ သဒ္ဒါဖြင့်သာလျှင် ဘုရားရှင် ဟောပြတော် မူသည်ဟု မှတ်ယူအပ်၏။ ။

အဿ ၌ အ သည် တ သဒ္ဒါ၏ ကာရိယ ဖြစ်ကြောင်းကို စလင်း ဆရာတော်ရေး။ မဟာဝါ ဂဏ္ဌိသစ်ကျမ်း မဟာခန္ဓက နံပါတ် (၁၅၉) ဒွန်ကမ္မဝါစာကိုပြဆိုရာ၌ရှုရင်း။ ။

မိုင်းခိုင်ဆရာတော်ရေး တိပေဋက ဝိနိစ္ဆယကျမ်း ဒုတိယတွဲ နံပါတ် (၄၄၉)ဒွန်ကမ္မဝါစာကိုပြဆိုရာ၌ရှုရင်း။ ။

**ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ** ဟု တ သဒ္ဒါဖြင့် ပြဆိုတော်မူကြသည်။ ။

မန္တလေးမြို့ဘုရားကြီးတိုက် ဆရာတော်၊ ဆင်တဲဆရာတော်၊ စံကျောင်းဆရာတော်၊လယ်တီဆရာတော်၊ဝေယံဘုံသာဆရာတော်စသော ဆရာတော်ကြီးများ၏ ပါဠိတော် နိဿယတို့၌ (အဿ၊ထိုရဟန်းလောင်းအား) ဤသို့ **အဿ** သဒ္ဒါကို အနက်ပေးလျှက်ရှိလေသည်။ ။

ထိုသို့ အနက်ပေးလျှက် ရှိသည်ကို ထောက်ဆလျှင် ထိုဆရာတော်ကြီးများလည်း၊**အဿ** ၌ **အ** ကို တ သဒ္ဒါ၏ ကာရိယဟု ယူတော်မူကြသည်။ ။

# သမာသဒွန္ဒ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ ဣမေ နာဂပါလာ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ။ နာဂပါလာ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂပါလေ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော။ ဣမေ နာဂပါလာ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ။ နာဂပါလာ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂပါလေ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂပါလာနံ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ ..... သုဏာတု မေ ဘန္တေ သံဃော။ ဣမေ နာဂပါလာ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခာ။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏံ နေသံ ပတ္တစီဝရံ။ နာဂပါလာ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂပါလေ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာ ယသ္မတော ခမတိ နာဂပါလာနံ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ ..... သုဏာတု မေ ဘန္တေ သံဃော။ ဣမေ နာဂပါလာ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခာ။ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ။ ပရိပုဏ္ဏံ နေသံ ပတ္တစီဝရံ။ နာဂပါလာ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ သံဃော နာဂပါလေ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ယဿာယသ္မတော ခမတိ နာဂပါလာနံ

ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သောတုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။

ဥပသမ္ပန္နာ သံဃေန နာဂပါလာ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။ ။

---

## ၎င်း ဝိနိစ္ဆယ

ဤပြဆိုအပ်ပြီးသော ဉတ်ကမ္မဝါစာသည်ကား။ ။သမာသဉတ္တိ ကမ္မဝါစာမည်၏။ ။

၎င်း သမာသ်ဉတ် ကမ္မဝါစာသည် စူဠဝါပါဠိတော် ကမ္မက္ခန္ဓက၌ သမာသဉတ္တိ ကမ္မဝါစာ၏ အဖြစ်ဖြင့် ဘုရားရှင် ဟောပြအပ်သော တဇ္ဇနီယ ကမ္မဝါစာနှင့် အညီပြဆိုအပ်သော ဉတ်ကမ္မဝါစာဖြစ်သည်။ ။

### တဇ္ဇနီယ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ ဣမေ ပဏ္ဍုက လောဟိတကာ ဘိက္ခူ အတ္တနာ ဘဏ္ဍန ကာရကာ ကလဟ ကာရကာ ဝိဝါဒ ကာရကာ။ ။

စသည်တည်း။ ။

၎င်းကမ္မဝါစာ၌ ပဏ္ဍုက ကမ္မာရဟ ပုဂ္ဂိုလ်နှင့် လောဟိတက ကမ္မာရဟ ပုဂ္ဂိုလ်တို့ကို ပဏ္ဍုကလောဟိတကာ ဟု သမာသ်တွဲစပ်၍ သမာသဉတ္တိကမ္မဝါစာ၏ အဖြစ်ဖြင့်ဘုရားရှင်ဟောပြတော်မူသည်။ ။

ဘုရားရှင်ဟောပြတော်မူအပ်သော သမာသဒ္ဒန္တကမ္မဝါစာကို ထောက်ဆ၍။ ဤဥပသမ္ပဒ ကမ္မဝါစာ၌လည်း နာဂမည်သော ရဟန်းလောင်းနှင့် ပါလမည်သော ရဟန်းလောင်းတို့ကိုလည်း၊ နာဂပါလာ-ဟုသမာသ်တွဲစပ်၍ ယူသင့်သည်ဖြစ်သောကြောင့် နာဂပါလာဟု သမာသ်တွဲစပ်၍ ပြဆိုလိုက်သည်။ ။

ထို့ကြောင့်ဋင်းကမ္မဝါစာကိုသမာသဒ္ဒန္တ ကမ္မဝါစာဟုဆိုအပ်သည်။ ။

---

## ရဟန်းလောင်းသုံးပါးထက်ပို၍ တပြိုင်တည်း ရဟန်းမပြုအပ်ကြောင်းကိုပြဆိုခြင်း

များစွာသော ရဟန်းလောင်းတို့ကို တပြိုင်တည်း ရဟန်းပြုရာ၌ တပြိုင်တည်း ရဟန်းပြုအပ်သော ရဟန်းလောင်းတို့၏ အရေအတွက်ကို-

အနုဇာနာမိ ဘိက္ခဝေ ဒွေ တ ယော
ကောနုဿာဝနေ ကာတုံ။ ။

ဟု မဟာဝါပါဠိတော်မဟာခန္ဓက၌ ရဟန်းလောင်းတို့၏အရေအတွက်ကို ပိုင်းခြား၍ ဘုရားရှင် ဟောပြတော်မူသည်။ ။

ဋင်း ဘုရားရှင် ဟောပြတော် မူအပ်သော အနုညာတ စကား ရပ်၌ တယော ဟူသော သင်္ချာပြ စကားရပ်ဖြင့် များစွာသော ရဟန်းလောင်းတို့ကို တပြိုင်တည်း ရဟန်းပြုလိုကြလျှင်၊ရဟန်းလောင်း သုံးပါးတို့ကိုသာလျှင် တပြိုင်တည်း ရဟန်းပြုအပ်ကုန်၏ဟု တပြိုင်တည်းရဟန်းပြုအပ်သော ရဟန်းလောင်းတို့၏ အရေအတွက်ကို ပိုင်းခြား၍ ဘုရားရှင်ဟောပြတော်မူသည်။ ။

ထို့ကြောင့် တပြိုင်တည်း ရဟန်းပြုရာ၌ ရဟန်း လောင်းသုံးပါး တို့ထက် အပိုအလွန်ကိုကား တပြိုင်တည်း ရဟန်းမပြုအပ်ဟု ပဋိက္ခေပ မပြုအပ်သော်လည်း-

အနုဇာနာမိ ဘိက္ခဝေ ဒွေ တ ယော
ကောနုဿာဝနေ ကာတုံ။ ။

ဟု ဟောပြအပ်သော ဘုရားရှင်၏ အနုညာတ စကားရပ်ကို ထောက်ဆလျှင် ရဟန်းလောင်း သုံးပါးတို့ထက် ပိုလွန်သော ရဟန်း လောင်း တို့

ကိုကား တပြိုင်တည်းရဟန်းမပြုအပ်ကုန်။ ဟူသောပဋိက္ခေပဏ္ဏအနက်ကို ဗျတိ ရေကနည်းအားဖြင့် သိရာ၏။

ပဋိက္ခေပဏ္ဏအနက်ကို ဗျတိရေကနည်းအားဖြင့် သိနိုင်ရာသော အထောက်ကား-

တေန ခေါ ပန သမယေန သမ္ဗဟုလာနံ ထေရာနံ ဥပသမ္ပဒါပေက္ခာ ဟောန္တိ။ တေ ဝိဝဒန္တိ အဟံ ပဌမံ ဥပသမ္ပဇ္ဇိဿာမိ အဟံ ပဌမံ ဥပသမ္ပဇ္ဇိဿာမီတိ။ ထေရာ ဧဝမာဟံသု ဟန္ဒ မယံ အာဝုသော သဗ္ဗေဝ ဧကာနုဿာဝနေ ကရောမာတိ။ ။ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ ။

အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ။ ။

ဟု- ဘုရားရှင် ဟောပြအပ်သော ဤစကားရပ်ကို ထောက်ဆ၍ သိရာ၏။

ထိုဒေသနာတော်တို့တွင်-

သမ္ဗဟုလာနံ ထေရာနံ ဥပသမ္ပဒါ ပေက္ခာ ဟောန္တိ။ ။

ဟူသော ဤပါဠ်ဖြင့် များစွာသောမထေရ်ကြီးတို့အား များစွာသော ရဟန်းလောင်းတို့၏ ဖြစ်ပေါ်လာခြင်းကို ပြဆိုသည်။ ။

တေ ဝိဝဒန္တိ အဟံ ပဌမံ ဥပသမ္ပဇ္ဇိဿာမိ အဟံ ပဌမံ ဥပသမ္ပဇ္ဇိဿာမီတိ။ ။

ဟူသော ဤပါဠ်ဖြင့် ငါ ရှေးဦးစွာ ရဟန်းပြုအံ့။ ငါ ရှေးဦးစွာရဟန်း ပြုအံ့-ဟု များစွာသောရဟန်းလောင်းတို့၏ အငြင်းဖြစ်ပွားခြင်းကို ပြဆိုသည်။

ထေရာ ဝေမတိံသု ဟန္ဒမယံ အာဝုသော
သဗ္ဗေဝ ကော်နုဿာဝနေ ကရောမာတိ။ ။

ဟူသော ဤပါဠိဖြင့် ငါ့ရှင်တို့ အားလုံးသော သင်တို့ကို တပြိုင်တည်း ငါတို့ရဟန်းပြုပေးကုန်အံ့ ဟု များစွာသောရဟန်းလောင်းတို့အားအငြင်း မဖြစ်ပွါးစိမ့်သောငှါ၊ မထေရ်ကြီးတို့၏ဆုံးမအပ်သော အဖြစ်ကိုပြဆိုသည်။ ။

ဘဂဝတော ဧတမတ္ထံ အာ်ရောစေသုံ။ ။

ဟူသော ဤပါဠိဖြင့် ထိုသို့ဖြစ်ပေါ်လာသော အကြောင်း ခြင်းရာကို ဘုရားရှင်အား မထေရ်ကြီးတို့၏ လျှောက်ကြား အပ်သော အဖြစ်ကို ပြဆိုသည်။ ။

အနုဇာနာမိ ဘိက္ခဝေ ဒွေတယော
ကောနုဿာဝနေ ကာတုံ။ ။

ဟူသော ဤပါဠိဖြင့် များစွာသော ရဟန်းလောင်းတို့ကို တပြိုင်တည်း ရဟန်းပြုရန် မထေရ်ကြီးတို့လျှောက်ကြားအပ်သောအတိုင်း-

အနုဇာနာမိ ဘိက္ခဝေ သမ္ဗဟုလေ ကော
နုဿာဝနေ ကာတုံ။ ။

ဟု၊ ခွင့်ပြုတော်မမူဘဲ-

အနုဇာ်နာ်မိ ဘိက္ခဝေ ဒွေတယော ကော
နုဿာဝနေ ကာတုံ။ ။

ဟု၊ တပြိုင်တည်း ရဟန်းပြုရန် ရဟန်းလောင်းတို့၏ အရေအတွက်ကို ပိုင်းခြား၍ ဘုရားရှင်ခွင့်ပြုတော်မူသည်။ ။

အနုဇာနာမိ ဘိက္ခဝေ ဒွေတယော ကော
နုဿာဝနေ ကာတုံ။ ။

ဟူသော ဤ အနုညာတစကားရပ်ဖြင့်-

နာနုဇာနာမိဘိက္ခဝေ သမ္ဗဟုလေ ကော
နုဿာ်ဝနေ ကာတုံ။ ။

ဟူသော ပဋိက္ခေပဗ္ဗ အနက်ကို ဤ တိ ရေ က နည်း အားဖြင့် သိရာသည်။ ။

ထို့ကြောင့် တပြိုင်တည်း ရဟန်းပြုရာ၌ အများဆုံး ရဟန်းလောင်း သုံးယောက်တို့ကိုသာလျှင် တပြိုင်တည်း ရဟန်းပြုအပ်ကုန်၏။ ထို့ထက် ပိုလွန်သော ရဟန်းလောင်းတို့ကား တပြိုင်တည်း ရဟန်းမပြုအပ်ကုန်ဟု မှတ်ယူရာ၏။ ။

တပြိုင်တည်း ရဟန်းပြုရာ၌၊ ရဟန်းလောင်း သုံးပါးကိုထက် ပို၍ တပြိုင်တည်း ရဟန်းမပြုအပ်သောအဖြစ်ကို ဝဇိရဗုဒ္ဓိ ဋီကာ၌လည်း-

ကေဝလံ ဘဂဝတာ ပရိစ္ဆိန္နတ္တာ တယော
တိ ဝုတ္တတ္တာ တတောဥဒ္ဓံ နဝဋ္ဋတိတိ နေ
တဗ္ဗောတိ အာစရိယော။ ။

အနုဂဏ္ဌိပဒေပိ အယမေဝတ္ထော ဗဟုဝါ
ဝိစာရေတွာ ဝုတ္တော၊ တထာ အန္ဓက အဋ္ဌ
ကထာ ယမ္ပိ၊ နသဗ္ဗတ္ထ ဣမသ္မိံ အတ္ထဝိကပ္ပေ
မတိဘေဒေါ အတ္ထိ။ ။

ဟု၊ မိန့်ဆို၏။ ။

---

## နိဂုမ်းကို ရွတ်ဘာသ်အပ်သောအကြိမ် ကိုပြဆိုခြင်း

ကမ္မဝါစာ၏အဆုံး နိဂုမ်းကိုကား ဘုရားရှင်သည် တကြိမ်သာလျှင် ဟောပြအပ်သောကြောင့် တကြိမ်သာလျှင် ရွတ်ဘာသ်အပ်၏။ ။

တကြိမ်ရွတ်ဘာသ်၍ ပြီးဆုံးလျှင် ကမ္မဝါစာပြီးဆုံးပြီဖြစ်၍ တကြိမ် ရွတ်ဘာသ်၍ ပြီးဆုံးလျှင် ဥပသမ္ပဒကံကို ပြီးမြောက်ပြည့်စုံပြီဟု မှတ်ရာ၏။ ။

ဒဠှီကမ္မအကျိုးကိုရည်၍ သုံးကြိမ်ရွတ်ဘာသ်ခြင်းကိုပြုမူ နိဂုမ်းမျှကိုသာလျှင် အလေးဂရုမပြုသင့်။ဥတ်ကမ္မဝါစာတို့ကိုလည်းအလေးဂရုပြုသင့်သည်။ ။

---

## ဒွန်ရဟန်းလောင်းဆုံးမစာ

**ပဌမံ ဥပဇ္ဈံ ဂါဟာ ပေတဗ္ဗော။ ။**

နာဂါ၊ နာဂမည်သော ရဟန်းလောင်းတို့။ ပဌမံ၊ ရှေးဦးစွာ။ဥပသမ္ပဒါ ပေက္ခော၊ ရဟန်းလောင်းကို။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ ဂါဟာပေတဗ္ဗော၊ ယူစေအပ်၏။ ။

ဣတိ၊ ဤသို့။ ဝစနတော၊ ရှင်တော်ဘုရား ဟောကြားမိန့်မှာတော် မူခြင်းကြောင့်။ တုမှေ၊ သင်တို့သည်။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ဂဏှာထ၊ ယူကြကုန်လော့။ ။

**ဥပဇ္ဈာယော အမှာကံ ဘန္တေ ဟောဟိ။ ။**

**အမှာစကား။** ။ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ ။ဤသို့ဆို၍ ယူခိုင်းလည်းအပ်၏။ ။

**ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။ ။**

ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ ဂါဟာပေတွာ၊ ယူစေပြီး၍။ ဥပသမ္ပဒါ ပေက္ခဿ၊ ရဟန်းလောင်းအား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ။

ဣတိ၊ ဤသို့။ ဝစနတော၊ ရှင်တော်ဘုရား ဟောကြား မိန့်မှာတော် မူခြင်းကြောင့်။ တုမှာကံ၊ သင်တို့အား။အဟံ၊ ငါသည်။ ပတ္တစီဝရံ၊ သပိတ် သင်္ကန်းကို။ အာစိက္ခိဿံ၊ပြောကြားပေအံ့။ ။

ဣမေပတ္တာ။ သင်တို့၏မျက်မှောက်၌ရှိသော ဤသပိတ်တို့သည်။တုမှာကံ၊ သင်တို့၏။ပတ္တာ၊ အသီးသီးပိုင်ဆိုင်အပ်သော ကိုယ်ပိုင်သပိတ်တို့တည်း။ ။

ဣမာသင်္ဃာဋိယော၊ သင်တို့၏ ပခုံးတဘက်၌ အသီသီး တင်ထားအပ် သော ဤနှစ်ထပ် သင်္ကန်းတို့သည်။ တုမှာကံ၊ သင်တို့၏။ သင်္ဃာဋိယော၊အသီး သီး ပိုင်ဆိုင်အပ်သော ကိုယ်ပိုင်နှစ်ထပ် သင်္ကန်းတို့တည်း။ ။

ဣမေဥတ္တရာသင်္ဂါ၊သင်တို့၏ကိုယ်၌ အသီးသီးဝတ်ဆင်၍ ထားအပ်ကုန်သော။ ဤကိုယ်ဝတ် ကေသီတို့သည်။ တုမှာကံ၊ သင်တို့၏။ ဥတ္တရာသင်္ဂါ၊ အသီ သီးပိုင်ဆိုင်အပ်သော ကိုယ်ပိုင်ကိုယ်ဝတ်ကေသီတို့တည်း။ ။

ဣမေအနုရဝါသကာ၊ သင်တို့၏ခါး၌ အသီးသီးဝတ်ဆင်၍ ထားအပ်ကုန်သော ဤခါးဝတ်သင်းပိုင်တို့သည်။ တုမှာကံ၊ သင်တို့၏။အနုရဝါသကာ၊ အသီးသီးပိုင်ဆိုင်အပ်သော ခါးဝတ်သင်းပိုင်တို့တည်း။ ။

ဂစ္ဆထ အပုမိ ဩကာသေ တိဋ္ဌထ။ ။

နာဂါ၊နာဂမည်သောရဟန်းလောင်းတို့။ တုမှေ၊ သင်တို့ကို။ သံဃမဇ္ဈေ၊ သံဃအလယ်၌။ အနုသာသိတုံ၊ ဆုံးမခြင်းငှါ။ ဘဂဝတာ၊ ဘုရားရှင်သည်။ ယသ္မာ၊ အကြင်ကြောင့်။ နအနုညာတော၊ ခွင့်မပြုအပ်။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်တို့သည်။ ဂစ္ဆထ၊ သွားကြကုန်ဦး။ ဂန္တွာ၊ သွားကြကုန်ပြီး၍။ အမုမှိဩကာသေ၊ ဆုံးမခြင်းငှါသင့်တင့်လျောက်ပတ်သောဤမည်သောအရပ်၌။ တိဋ္ဌထ၊ ရပ်တည်၍ နေကြကုန်ဦးလော့။ ။

သုဏာတု မေ ဘန္တေ သံဃော။နာဂေါစ
ပါလောစ အာယသ္မတော တိဿဿ ဥပသမ္ပဒါ
ပေက္ခာ။ ယဒိသံဃဿ ပတ္တကလ္လံ၊ အဟံ နာဂဉ္စ
ပါလဉ္စ အနုသာသေယျံ။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော် အရှင်မြတ်သည်။ မေ၊ ဘုရားတပည့်တော်၏။ ဝစနံ၊စကားကို။သုဏာတု၊နာတော်မူပါလော့။ နာဂေါစ၊နာဂအမည်ရှိသောရဟန်းလောင်းသည်လည်းကောင်း။ ပါလောစ၊ပါလ အမည်ရှိသော ရဟန်းလောင်းသည် လည်းကောင်း။ အာယသ္မတော၊ ရှည်သောသက်တော်ရှိသော။ တိဿဿ၊ တိဿ အမည်ရှိသော မထေရ်အား။ ဥပသမ္ပဒါပေက္ခာ၊ ရဟန်းအဖြစ်ကို ငံ့ကုန်၏။ သံဃဿ၊ သံဃာတော်အား။ ပတ္တကလ္လံ၊ လျောက်ပတ်သောအခါရှိသောကံသည်။ ယဒိသိယာ၊ အကယ်၍ဖြစ်အံ့။ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ အဟံ၊ ဘုရားတပည့်တော်သည်။ နာဂဉ္စ၊ နာဂအမည်ရှိသော ရဟန်း လောင်း ကို လည်း ကောင်း။ ပါလဉ္စ၊ ပါလ အမည်ရှိသောရဟန်းလောင်းကိုလည်းကောင်း။ အနုသာသေယျံ၊ ဆုံးမရာ၏။ ။

နာဂါ၊ နာဂမည်သောရဟန်းလောင်းတို့။ တုမှေ၊ သင်တို့ကို။ အနုသာသိတုံ၊ ဆုံးမခြင်းငှါ။ သံဃမဇ္ဈေ၊ သံဃအလယ်၌။ အနုသာသကသမ္မုတိံ၊ အနုသာသကသမ္မုတိကို။အဟံ၊ငါသည်။ လဘာမိ၊ရခဲ့၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်တို့ကို။ အ နု သာ သိ ဿာ မိ။ ဆုံးမပေအံ့။ တုမှေ၊ သင်တို့သည်။ သုဏာထ၊ နားထောင်ကြကုန်။ ။

အယံကာလော၊ ဤအခါကာလသည်။ တုမှာကံ၊ သင်ရဟန်းလောင်းတို့၏။ သစ္စကာလော၊ မှန်သည်ကိုသာ လျှောက်ဆို အပ်သော အခါ ကာလတည်း။ ဘူတကာလော၊ ဟုတ်သည်ကိုသာ လျှောက်ဆိုအပ်သော အခါ ကာလတည်း။ ။

ယံဓမ္မဇာတံ၊ အကြင် ဥပသမ္ပဒအန္တရာယိကသဘောတရားသည်။ တုမှာကံ၊ သင်တို့၏။ သရီရေ၊ ကိုယ်၌။ ဇာတံ၊ ဖြစ်ပေါ်၏။ တံဓမ္မဇာတံ၊ ထိုဥပသမ္ပဒ အန္တရာယိက သဘောတရားကို။ သံဃမဇ္ဈေ၊ သံဃအလယ်၌။ လဒ္ဓသမ္မုတိကေ၊ ရအပ်သောသမ္မုတိရှိသော။ ဘိက္ခုသ္မိံ၊ ရဟန်းသည်။ ပုစ္ဆန္တေ၊ စစ်ဆေး မေးမြန်းသည်ရှိသော်။ တံ၊ ထိုဥပသမ္ပဒအန္တရာယိကသဘောတရားသည်။ တုမှာကံ၊ သင်တို့၏။ သရီရေ၊ ကိုယ်၌။ သန္တံ၊ ထင်ရှားရှိသည်ဖြစ်အံ့။ အတ္ထီတိ၊ ရှိပါ၏ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ အသန္တံ၊ ထင်ရှားမရှိသည်ဖြစ်အံ့။ နတ္ထီတိ၊ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ မာခေါ ဝိတ္ထာယိတ္ထ၊ ကြောက်ရွံ့၍ မတုန်မလှုပ် မဖြစ်ကြကုန်လင့်၊ မင်္ကုံ။ မျက်နှာမသာ မယာတို့သည်။ မာခေါ အဟော သိတ္ထ၊ မဖြစ်ကြကုန်လင့်။ ။ဧဝံ၊ ဤသို့။ တုမှေ၊ သင်တို့ကို။ ဘိက္ခူ၊ ရဟန်း တို့သည်။ ပုစ္ဆိဿန္တိ၊ မေးကြကုန်လတံ့။ ။

(၁) နာဂါ၊ နာဂမည်သော ရဟန်းလောင်းတို့။ တုမှာကံ၊ သင်တို့၏။ သရီရေ၊ ကိုယ်၌။ ကုဋ္ဌံ၊ နူနာဂုင်း။ ဂဏ္ဍော၊ အိုင်းအမာနာဂုင်း။ ကိလာသော ပွေး ညှင်း တင်းဒိပ်နာဂုင်း။သောသော၊ တဟုပ်ဟုပ်ချောင်းဆိုးပန်းနာမျိုးဂုင်း။ အပမာရော၊ ရူးသွပ်သော အနာမျိုးဂုင်း။ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။ အာဗာဓာ၊ အနာမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။ ဧပံ၊ ဤသို့။ ပုစ္ဆိဿန္တိ။ မေးကြကုန်လတံ့။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တေအာဗာဓာ၊ ထိုအနာမျိုးတို့သည်။တုမှာကံ၊ သင်တို့၏ သရီရေ၊ ကိုယ်၌၊ သစေသန္တိ၊ အကယ်၍ ရှိကုန်သည်ဖြစ်အံ့။ ဧဝံသန္တေသု၊ ဤသို့ရှိကုန်သည်ရှိသော်၊ ဘန္တေ။ အရှင်ဘုရားတို့။သန္တိ၊ ရှိပါကုန်၏ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက် ကြားအပ်၏။ သစေနသန္တိ၊အကယ်၍ မရှိကုန်သည်ဖြစ်အံ့။ ဧဝံအသန္တေသု။ဤသို့မရှိကုန်သည်ရှိသော်။ဘန္တေ၊အရှင်ဘုရားတို့။ နသန္တိ။မရှိပါကုန်ဘုရား။ဣတိ။ဤသို့ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၂) နာဂါ၊ နာဂမည်သော ရဟန်းလောင်းတို့။ တုမှေ၊ သင်တို့သည်။ မနုဿာ၊လူတို့သည်။အတ္ထ၊ဖြစ်ကြကုန်၏လော။ ဧဝမ္ပိ၊ ဤသို့လည်း။ပုစ္ဆိဿန္တိ၊

မေးကြကုန်လတံ့။ ဖဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တုမှေ၊ သင်တို့သည်။ မနုဿာ၊ လူတို့သည်။ သစေအတ္ထ၊ အကယ်၍ ဖြစ်ကြကုန်အံ့။ဖဝံ သန္တေသု၊ ဤသို့လူဖြစ်ကြကုန်သည်ရှိသော်။ဘန္တေ၊ အရှင်ဘုရားတို့။အာမ၊ဩ-ဘုရားတပည့်တော်တို့သည် လူဖြစ်ကြပါကုန်သည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေနအတ္ထ၊အကယ်၍လူမဟုတ်ကြကုန်သည်ဖြစ်အံ့။ ဖဝံ အသန္တေသု၊ဤသို့လူမဟုတ်ကြကုန်သည်ရှိသော်။ဘန္တေ၊အရှင်ဘုရားတို့။ နအမှ၊ ဘုရားတပည့်တော်တို့သည် လူမဟုတ်ကြပါကုန်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၃) နာဂေါ၊ နာဂမည်သော ရဟန်းလောင်းတို့။ တုမှေ၊ သင်တို့သည်။ ပုရိသာ၊ ယောကျ်ားတို့သည်။ အတ္ထ၊ ဖြစ်ကြကုန်၏လော။ ဖဝမ္ပိ၊ ဤသို့လည်း၊ ပုစ္ဆိဿန္တိ၊မေးကြကုန်လတံ့၊ဖဝံ၊ ဤသို့။ပုစ္ဆန္တေသု၊မေးကြကုန်သည်ရှိသော်။ တုမှေ၊သင်တို့သည်။ ပုရိသာ၊ယောကျ်ားတို့သည်။သစေအတ္ထ၊ အကယ်၍ဖြစ်ကြကုန်အံ့။ဖဝံသန္တေသု၊ ဤသို့ယောကျ်ားဖြစ်ကြကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ဩ-ဘုရားတပည့်တော်တို့သည် ယောကျ်ားဖြစ်ကြပါကုန်သည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေနအတ္ထ၊ အကယ်၍ ယောကျ်ားမဟုတ်ကြကုန်သည်ဖြစ်အံ့။ ဖဝံအသန္တေသု၊ ဤသို့ယောကျ်ားမဟုတ်ကြကုန်သည်ရှိသော်။ဘန္တေ၊ အရှင်ဘုရားတို့။နအမှ၊ ဘုရားတပည့်တော်တို့သည် ယောကျ်ား မဟုတ်ကြပါကုန်ဘုရား။ ဣတိ၊ ဤသို့၊ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၄) နာဂေါ၊ နာဂမည်သော ရဟန်းလောင်းတို့။ တုမှေ၊ သင်တို့သည်။ ဘုဇိဿာ၊ သူတပါးကျွန်အဖြစ်မှ ကင်းလွတ်ကြသောသူတို့သည်။ အတ္ထ၊ ဖြစ်ကြကုန်၏လော။ ဖဝမ္ပိ၊ ဤသို့လည်း၊ ပုစ္ဆိဿန္တိ၊ မေးကြကုန်လတံ့။ ဖဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တုမှေ၊ သင်တို့သည်။ ဘုဇိဿာ၊ သူတပါးကျွန်အဖြစ်မှ ကင်းလွတ်ကြသောသူတို့သည်။ သစေအတ္ထ၊ အကယ်၍ ဖြစ်ကြကုန်အံ့။ ဖဝံသန္တေသု၊ ဤသို့ သူတပါးကျွန်အဖြစ်မှ ကင်းလွတ်ကြသော သူတို့ဖြစ်ကြကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ဩ-ဘုရားတပည့်တော်တို့သည် သူတပါးကျွန်အဖြစ်မှ ကင်းလွတ်ကြသောသူတို့ဖြစ်ကြပါကုန်သည်ဘုရား။ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေနအတ္ထ၊ အကယ်၍ သူတပါးကျွန်အဖြစ်မှ ကင်းလွတ်ကြသောသူတို့မဖြစ်ကြကုန်အံ့။ ဖဝံအသန္တေသု၊ ဤသို့ သူတပါးကျွန်အဖြစ်မှ ကင်းလွတ်ကြသော သူတို့ မဟုတ်ကြကုန်သည်ရှိ

သော်။ ဘန္တေ၊ အရှင်ဘုရားတို့။ နအမှ၊ ဘုရား တပည့်တော်တို့သည် သူတပါး ကျွန်အဖြစ်မှ ကင်းလွတ်ကြသောသူတို့ မဟုတ်ကြပါကုန်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တမ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၅) နာဂ၊ နာဂမည်သော ရဟန်းလောင်းတို့။ တုမှေ၊သင်တို့သည်။ အဏဏာ၊ သူတပါးကြွေးမြီမရှိကြသောသူတို့သည်။ အတ္ထ၊ဖြစ်ကြကုန်၏လော။ ဧဝမ္ပိ၊ဤသို့လည်း။ပုစ္ဆိတသန္တံ၊မေးကြကုန်လတံ့။ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တုမှေ၊ သင်တို့သည်။အဏဏာ၊ သူတပါးကြွေးမြီမရှိကြသော သူတို့သည်။ သစေအတ္ထ၊ အကယ်၍ဖြစ်ကြကုန်အံ့။ ဧဝံသန္တေသု၊ ဤသို့သူတပါး ကြွေးမြီ မရှိကြသောသူတို့ ဖြစ်ကြကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ ဩ-ဘုရားတပည့်တော်တို့သည် သူတပါး ကြွေးမြီ မရှိသောသူတို့ ဖြစ်ကြ ပါကုန်သည်ဘုရား။ ဣတိ၊ ဤသို့၊ ဝတ္တမ္ဗံ၊ လျှောက်ကြားအပ်၏။သစေနအတ္ထ၊ အကယ်၍ သူတပါးကြွေးမြီ မရှိသောသူတို့ မဟုတ်ကြကုန်သည်ဖြစ်အံ့။ ဧဝံအ သန္တေသု၊ ဤသို့ သူတပါးကြွေးမြီမရှိသောသူတို့ မဟုတ်ကြကုန်သည် ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ နအမှ၊ ဘုရားတ ပည့်တော်တို့သည် သူတပါးကြွေးမြီ မရှိကြသောသူတို့ မဟုတ်ကြပါကုန်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တမ္ဗံ၊လျှောက်ကြား အပ်၏။ ။

(၆) နာဂ၊ နာဂမည်သော ရဟန်းလောင်းတို့။ တုမှေ၊ သင်တို့သည်။ ရာဇဘဋာ၊ မင်းခစားယောကျ်ားတို့သည်။ နအတ္ထ၊ မဖြစ်ကြကုန်သလော၊ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိတသန္တံ၊ မေးကြကုန်လတံ့။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြ ကုန်သည်ရှိသော်။ တုမှေ၊ သင်တို့သည်။ ရာဇဘဋာ၊ မင်းခစားယောကျ်ားတို့ သည်။ သစေနအတ္ထ၊ အကယ်၍ မဟုတ်ကြကုန်သည်ဖြစ်အံ့။ ဧဝံအသန္တေသု၊ ဤသို့ မင်းခစားယောကျ်ားတို့မဟုတ်ကြကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား တို့။ နအမှ၊ ဘုရားတပည့်တော်တို့သည် မင်းခစားယောကျ်ားတို့ မဟုတ်ကြပါ ကုန်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တမ္ဗံ၊ လျှောက်ကြားအပ်၏၊ သစေအတ္ထ၊အကယ်၍ မင်းခစား ယောကျ်ားတို့ ဖြစ်ကြကုန်အံ့။ ဧဝံသန္တေသု၊ ဤသို့ မင်းခစား ယောကျ်ားတို့ဖြစ်ကြကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ ဩ- ဘုရားတပည့်တော်တို့သည် မင်းခစားယောကျ်ားတို့ ဖြစ်ကြပါကုန်သည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တမ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၇) နာဂ၊ နာဂမည်သော ရဟန်းလောင်းတို့။ တုမှေ၊ သင်တို့သည်။ မာတာပိတူဟိ၊ မိဘတို့သည်။ အနုညာတာ၊ ခွင့်ပြုအပ်သောသူတို့သည်။ အတ္ထ၊

ဖြစ်ကြကုန်၏လော။ ဧဝံမှို၊ ဤသို့လည်း။ ပုစ္ဆိသဿန္တိ၊ မေးကြကုန်လတ့်။ ဧဝံ။ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တုမှေ၊ သင်တို့သည်။ မာတာပိတူဟိ၊ မိဘတို့သည်။ အနုညာတာ၊ ခွင့်ပြုအပ်သောသူတို့သည်။ သစေအတ္ထ၊ အကယ်၍ဖြစ်ကြကုန်အံ့။ ဧဝံသန္တေသု ဤသို့မိဘတို့က ခွင့်ပြုအပ်သောသူတို့ဖြစ်ကြကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့၊ အာမ၊ ဩ-ဘုရားတပည့်တော်တို့သည် မိဘတို့က ခွင့်ပြုအပ်သောသူတို့ဖြစ်ကြပါကုန်သည်ဘုရား။ ဣတိ၊ ဤသို့၊ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေနအတ္ထ၊ အကယ်၍ မိဘတို့က ခွင့်ပြုအပ်သောသူတို့ မဖြစ်ကြကုန်အံ့။ ဧဝံအသန္တေသု၊ ဤသို့ မိဘတို့က ခွင့်ပြုအပ်သောသူတို့ မဖြစ်ကြကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့၊ နအမှ၊ ဘုရားတပည့်တော်တို့သည် မိဘတို့က ခွင့်ပြုအပ်သောသူတို့ မဟုတ်ကြပါကုန် ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(ဂ) နာဂါ၊ နာဂမည်သောရဟန်းလောင်းတို့။ တုမှေ၊ သင်တို့သည်။ ပရိပုဏ္ဏဝီသတိဝဿာ၊ အသက်နှစ်ဆယ် ပြည့်ကြသော သူတို့သည်။ အတ္ထ၊ ဖြစ်ကြကုန်၏လော။ ဧဝမှို၊ ဤသို့လည်း။ ပုစ္ဆိသဿန္တိ၊ မေးကြကုန်လတ့်။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တုမှေ၊ သင်တို့သည်။ ပရိပုဏ္ဏဝီသတိဝဿာ၊ အသက်နှစ်ဆယ်ပြည့်ကြသော သူတို့သည်။ သစေအတ္ထ၊ အကယ်၍ ဖြစ်ကြကုန်အံ့။ ဧဝံသန္တေသု။ ဤသို့ အသက်နှစ်ဆယ်ပြည့်ကြသော သူတို့ဖြစ်ကြကုန်သည့်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ ဩ-ဘုရားတပည့်တော်တို့သည် အသက်နှစ်ဆယ်ပြည့်ကြသောသူတို့ဖြစ်ကြပါကုန်သည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေနအတ္ထ၊ အကယ်၍ အသက်နှစ်ဆယ်ပြည့်ကြသော သူတို့ မဟုတ်ကြကုန်သည်ဖြစ်အံ့။ ဧဝံအသန္တေသု၊ ဤသို့အသက်နှစ်ဆယ် ပြည့်ကြသောသူတို့ မဟုတ်ကြကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ နအမှ၊ ဘုရားတပည့်တော်တို့သည် အသက်နှစ်ဆယ်ပြည့်ကြသော သူတို့မဟုတ်ကြပါကုန်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(ဃ) နာဂါ၊ နာဂမည်သောရဟန်းလောင်းတို့။ တုမှာကံ၊ သင်တို့အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပါ၏လော။ ဧဝမှို၊ ဤသို့လည်း။ ပုစ္ဆိသဿန္တိ၊ မေးကြကုန်လတ့်။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တုမှာကံ၊ သင်တို့အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ သစေပရိပုဏ္ဏံ၊ အကယ်၍ ပြည့်စုံသည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့သပိတ်သင်္ကန်းပြည့်စုံသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ ဩ-ဘုရားတပည့်တော်တို့အား သပိတ်သင်္ကန်း

ပြည့်စုံပါသည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ သစေအပရိပုဏ္ဏံ၊ အကယ်၍ သပိတ်သင်္ကန်းမပြည့်စုံသည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ သပိတ်သင်္ကန်း မပြည့်စုံသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အပရိပုဏ္ဏံ၊ ဘုရားတပည့်တော်တို့အား သပိတ်သင်္ကန်းမပြည့်စုံပါဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(၁၀) နာဂေါ၊ နာဂမည်သော ရဟန်းလောင်းတို့။တုမှေ၊သင်တို့သည်။ ကိံနာမာ၊ အဘယ်အမည်ရှိကြကုန်သည်။ အတ္ထ၊ ဖြစ်ကြကုန်သနည်း။ ဧဝမ္ပိ၊ ဤသို့လည်း။ ပုစ္ဆိသေန္တ၊ မေးကြကုန်လတံ့။ ဧဝံ၊ ဤသို့။ ပုစ္ဆန္တေသု၊ မေးကြကုန် သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အဟံ၊ ဘုရားတပည့်တော်သည်၊ နာဂေါနာမ၊ နာဂအမည်ရှိပါသည်ဘုရား။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ အဟံဘုရားတပည့်တော်သည်။ ပါလောနာမ ပါလအမည်ရှိပါသည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ အသီးသီး လျှောက်ကြားအပ်၏။ ။

(**အမှာစကား**။ ။အမည်တူလျှင်တပြိုင်တည်းဆို၍ လျှောက်ကြားအပ်၏။အမည်မတူလျှင် အသီးသီးဆို၍လျှောက်ကြားအပ်၏။ ။)

(၁၁) နာဂေါ၊ နာဂမည်သော ရဟန်းလောင်းတို့။တုမှာကံ၊သင်တို့၏။ ဥပဇ္ဈာယော ဥပဇ္ဈာယ်ဆရာသည်။ ကောနာမော၊ အဘယ် အမည်ရှိသနည်း။ ဧဝမ္ပိ၊ဤသို့လည်း။ ပုစ္ဆိသန္တိ၊မေးကြကုန်လတံ့။ဧဝံ၊ဤသို့။ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အမှာကံ၊ ဘုရားတပည့် တော်တို့၏။ ဥပဇ္ဈာယော၊ဥပဇ္ဈာယ်ဆရာသည်။ အာယသ္မာ၊ ရှည်သော သက်တော် ရှိသော။ တိဿောနာမ၊ တိဿအမည်ရှိသော မထေရ်ဖြစ်ပါသည်ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

(**အမှာစကား**။ ။ဥပဇ္ဈာယ်ဆရာကို လျှောက်ကြားရာ၌။ ဥပဇ္ဈာယ်ဆရာအသီးသီးဖြစ်လျှင် အသီးသီးသော ဥပဇ္ဈာယ်ဆရာ၏အမည်ကို လျှောက်ကြားအပ်၏။ ။)

နာဂေါ၊ နာဂမည်သော ရဟန်းလောင်းတို့။ ဟုမှေ၊ သင်တို့ကို။ သံဃမဇ္ဈေ၊ သံဃာ့အလယ်၌။ ဘိက္ခူသု၊ ရဟန်းတို့သည်။ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တေသံဘိက္ခူနံ၊ ထိုမေးကြသော ရဟန်းတို့အား။ ဝတ္တဗ္ဗဝစနံ၊

လျှောက်ကြားအပ်သောစကားကို။ မယာ၊ ငါသည်။ တုမှာက်၊ သင်တို့အား။ သိက္ခိတံ၊ သင်ကြားပြသအပ်ပြီ။ ။

သံဃမဇ္ဈေ၊ သံဃအလယ်၌။ ဘိက္ခူသု၊ ရဟန်းတို့သည်၊ ပုစ္ဆန္တေသု၊ မေးကြကုန်သည်ရှိသော်။ တေသံဘိက္ခူနံ၊ ထိုရဟန်းတို့အား။ ယထာသိက္ခိတံ၊ ငါသင်ပြအပ်သောအတိုင်း။ တုမှေ၊ သင်တို့သည်။ ဝဒေထ၊ လျှောက်ကြားကြကုန်၊ မာခေါဝိတ္ထာယိတ္ထ၊ ကြောက်ရွံ့၍ မတုန်မလှုပ်မဖြစ်ကြကုန်လင့်၊ မင်္ကု၊ မျက်နှာမသာမယာတို့သည်။ မာခေါအဟောသိတ္ထ၊ မဖြစ်ကြကုန်လင့်။ ။

နာဂါ၊ နာဂမည်သော ရဟန်းလောင်းတို့။ တုမှေ၊ သင်တို့ကို။ အနုသာသိတွာ၊ ဆုံးမပြီး၍။ သံဃမဇ္ဈံ၊ သံဃအလယ်သို့။ ဂတော၊ သွားသည်ရှိသော်။ တုမှေဟိ၊ သင်တို့နှင့်။ ဧကတော၊ အတူတကွ။ နဂန္တဗ္ဗံ၊ မသွားအပ်။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်တို့သည်။ ဣဓေဝ၊ ဤအရပ်၌ပင်လျှင်။ ကိဋ္ဌထ၊ ခဏခေတ္တ ရပ်တည်၍နေကြကုန်ဦး။ အာဂစ္ဆထ။ လာကြကုန်လော့။ ဣတိ၊ ဤသို့။ အာမန္တိတေသုယေဝ၊ ခေါ်အပ်ကုန်သော်သာလျှင်။ အာဂစ္ဆထ၊ လာကြကုန်။ ။

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါစ
ပါလောစ အာယသ္မတော တိဿဿ ဥပသမ္ပ
ဒါပေက္ခာ။ အနုသိဋ္ဌာ တေ မယာ။ ယဒိ သံ
ဃဿ ပတ္တကလ္လံ၊ နာဂေါစ ပါလောစ အာ
ဂစ္ဆေယျုံ။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော် အရှင်မြတ်သည်။ မေ၊ ဘုရားတပည့်တော်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူပါလော့။ နာဂေါစ၊ နာဂ အမည်ရှိသော ရဟန်းလောင်းသည် လည်းကောင်း။ ပါလောစ၊ ပါလ အမည်ရှိသော ရဟန်းလောင်းသည်လည်းကောင်း။ အာယသ္မတော၊ ရှည်သော သက်တော်ရှိသော။ တိဿဿ၊ တိဿအမည်ရှိသော မထေရ်အား။ ဥပသမ္ပဒါပေက္ခာ၊ ရဟန်းအဖြစ်ကို ငံ့ကုန်၏။ တေ၊ ထိုနာဂပါလ အမည်ရှိသော ရဟန်းလောင်း တို့ကို။ မယာ၊ ဘုရားတပည့်တော်သည်။ အနုသိဋ္ဌာ၊ ဆုံးမအပ်ကုန်ပြီ။ သံဃဿ၊ သံဃာတော်အား။ ပတ္တကလ္လံ၊ လျှောက်ပတ်သောအခါ ရှိသော ကံသည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ နာဂေါစ၊ နာဂ အမည်ရှိသော ရဟန်းလောင်းသည် လည်းကောင်း။ ပါလောစ၊ ပါလ အမည်ရှိသော ရဟန်းလောင်းသည် လည်းကောင်း။ အာဂစ္ဆေယျုံ၊ လာကုန်ရာ၏။ ။

(လာကြကုန်လော့ ဟု ရဟန်းလောင်းတို့ကိုခေါ်)

**ဧကံသံ ဥတ္တရာသင်္ဂံ ကာရာပေတွာ ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ ဥက္ကုဋိကံ နိသီဒါပေတွာ အဉ္ဇလိံ ပဂ္ဂဏှာပေတွာ ဥပသမ္ပဒံ ယာစာပေတဗ္ဗော။ ။**

ဘိက္ခဝေ၊ ရဟန်းတို့။ ဥပသမ္ပဒါပေက္ခော၊ ရဟန်းလောင်းကို။ ဧကံသံ၊ ဧကသို့ ဝါမအံ့သော၊ လက်ဝဲတဘက် ပခုံးထက်၌။ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ် ဧကသီကို။ ကာရာပေတွာ၊ စမ္ပါယ်တင်သည်ကိုပြုစေ၍။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒာပေတွာ၊ ရှိခိုးစေ၍။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒါပေတွာ၊ ထိုင်စေ၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဏှာပေတွာ၊ ချီစေ၍။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ ယာစာပေတဗ္ဗော၊ တောင်းစေအပ်၏။ ။

ဣတိ၊ ဤသို့။ ဝစနတော၊ ရှင်တော်ဘုရား ဟောကြားမိန့်မှာတော်မူခြင်းကြောင့်။ နာဂါ၊ နာဂမည်သော ရဟန်းလောင်းတို့။ တုမှေ၊ သင်တို့သည်။ ဧကံသံ-ဧကသို့ ဝါမအံ့သော၊ လက်ဝဲတဘက်ပခုံးထက်၌။ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ်ဧကသီကို။ ကရိတွာ၊ စမ္ပါယ်တင်သည်ကို ပြုကြကုန်၍။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒိတွာ၊ ရှိခိုးကြကုန်၍။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒိတွာ၊ ထိုင်ကြကုန်၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီကြကုန်၍။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ ယာစထ၊ တောင်းကြကုန်။ ။

**သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု အမှေ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ။**

**ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု အမှေ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ။**

**တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု အမှေ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ။**

ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ ဘုရား တပည့်တော်တို့သည်။ သံဃံ သံဃာတော်အရှင်မြတ်ကို။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ ယာစာမ၊ တောင်းပါကုန်၏။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်အရှင်မြတ်သည်။ အမှေသု၊ ဘုရားတပည့်တော်တို့၌။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ အမှေ၊ ဘုရားတပည့်တော်တို့ကို။ ဥလ္လုမ္ပတု-ဥဒ္ဓရတု၊ မညီးညစ်သော အကုသိုလ်အဘို့မှ ထုတ်နှုတ်၍ ဖြူစင်သောကုသိုလ်အဘို့၌ တည်ပါစေလော့။ ။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ ဘုရားတပည့်တော်တို့သည်။ သံဃံ၊ သံဃာတော်အရှင်မြတ်ကို။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ ယာစာမ၊ တောင်းပါကုန်၏။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်အရှင်မြတ်သည်။ အမှေသု၊ ဘုရားတပည့်တော်တို့၌။ အနုကမ္ပံ။ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ အမှေ၊ ဘုရားတပည့်တော်တို့ကို။ ဥလ္လုမ္ပတု-ဥဒ္ဓရတု၊ ယုတ်နိမ့်သော သာမဏေအဖြစ်မှ ထုတ်နှုတ်၍။ မြင့်မြတ်သော ရဟန်းအဖြစ်၌ တည်ပါစေလော့။ ။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ ဘုရားတပည့်တော်တို့သည်။ သံဃံ၊ သံဃာတော်အရှင်မြတ်ကို။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ ယာစာမ၊ တောင်းပါကုန်၏။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်အရှင်မြတ်သည်။ အမှေသု၊ ဘုရားတပည့်တော်တို့၌။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ အမှေ၊ ဘုရားတပည့်တော်တို့ကို။ ဥလ္လုမ္ပတု-ဥဒ္ဓရတု၊ သံသရာတည်းဟူသော ဝဲဩဃရေအယဉ်မှ ထုတ်နှုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်ပါစေလော့။ ။

သုဏာတု မေ ဘန္တေ သံဃော။ အယဉ္စ
နာဂေါ အယဉ္စပါလော အာယသ္မတော
တိဿဿ ဥပသမ္ပဒါပေက္ခာ။ ယဒိ သံဃဿ
ပတ္တကလ္လံ၊ အဟံနာဂဉ္စ ပါလဉ္စ အန္တရာယိကေ
ဓမ္မေ ပုစ္ဆေယျံ။ ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်အရှင်မြတ်သည်။ မေ၊ ဘုရားတပည့်တော်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူပါလော့။ အယဉ္စနာဂေါ၊ ဤနာဂအမည်ရှိသော ရဟန်းလောင်းသည်လည်း ကောင်း။

အယဥ္စပါလော၊ ဤပါလအမည်ရှိသောရဟန်းလောင်းသည်လည်းကောင်း။ အာယသ္မတော၊ ရှည်သော သက် တော်ရှိသော။ တိဿဿ၊ တိဿအမည်ရှိသော မထေရ်အား။ ဥပသမ္ပဒါပေက္ခာ၊ ရဟန်းအဖြစ်ကိုငဲ့ကုန်၏။ သံဃဿ၊ သံဃာတော်အား။ ပတ္တကလ္လံ၊ လျော်ကပ်သော အခါရှိသောကံသည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ အဟံ၊ ဘုရားတပည့် တော်သည်။ နာဂဉ္စ၊ နာဂအမည်ရှိသော ရဟန်း လောင်း ကို လည်း ကောင်း။ ပါလဉ္စ၊ ပါလအမည်ရှိသော ရဟန်းလောင်းကိုလည်းကောင်း။ အန္တရာယိကေ၊ အန္တရာယ်ကိုပြုတတ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ပုစ္ဆေယျံ၊ မေးရာ၏။ ။

နာဂ ါ၊နာဂမည်သောရဟန်းလောင်းတို့။တုမှေ၊သင်တို့သည်။သုဏာထ၊ နားထောင်ကြကုန်။ အယံကာလော၊ ဤအခါကာလသည်။ တုမှာကံ၊ သင်တို့၏။ သစ္စကာလော၊ မှန်သည်ကိုသာ လျှောက်ဆိုအပ်သော အခါတည်း။ ဘူတကာ လော၊ ဟုတ်သည်ကိုသာလျှောက်ဆိုအပ်သော အခါတည်း။ ။

ယံဓမ္မဇာတံ၊အကြင်ဥပသမ္ပဒအန္တရာယိကသဘောတရားသည်။တုမှာကံ၊ သင်တို့၏။ သရီရေ၊ ကိုယ်၌။ ဇာတံ၊ ဖြစ်ပေါ်၏။ တံဓမ္မဇာတံ၊ ထို ဥပသမ္ပဒ အန္တရာယိက သဘောတရားကို။ အဟံ၊ ငါသည်။ ပုစ္ဆာမိ၊ မေးအံ့။ တံ၊ ထို ဥပသမ္ပဒ အန္တရာယိက သဘောတရားသည်။ တုမှာကံ၊ သင်တို့၏။ သရီရေ၊ ကိုယ်၌။ သန္တံ၊ ထင်ရှားရှိသည်ဖြစ်အံ့။ အတ္ထီတိ၊ ရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ အသန္တံ၊ ထင်ရှားမရှိသည်ဖြစ်အံ့။ နတ္ထီတိ၊ မရှိပါဘုရား ဟူ၍။ ဝတ္တဗ္ဗံ၊ လျှောက်ကြားအပ်၏။ ။

နာဂ ါ၊နာဂမည်သော ရဟန်းလောင်းတို့။တုမှာကံ၊ သင်တို့၏။သရီရေ၊ ကိုယ်၌။ ကုဋ္ဌံ၊ နူနာဝှင်း။ ဂဏ္ဍော၊ အိုင်းအမာနာဝှင်း။ ကိလာသော၊ ပွေး ညှင်း တင်းဒိပ်နာဝှင်း။ သောသော၊တဟုပ်ဟုပ်ချောင်းဆိုး ပန်းနာမျိုးဝှင်း။အပမာရော၊ ရူးသွပ်သော အနာမျိုးဝှင်း။ ဧဝရူပ'၊ ဤသို့သဘောရှိကုန်သော။ အာဗာဓာ၊ အနာမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။ ။

**နသန္တိ ဘန္တေ။ ။**

တုမှေ၊သင်တို့သည်။မနုဿာ၊လူတို့သည်။အတ္ထ၊ဖြစ်ကြကုန်၏လော။ ။

**အာမ ဘန္တေ။ ။**

တုမှေ၊ သင်တို့သည်။ ပုရိသာ၊ ယောကျ်ားတို့သည်။ အတ္ထ၊ ဖြစ်ကြကုန်၏ လော။ ။

**အာမ ဘန္တေ။ ။**

တုမှေ၊ သင်တို့သည်။ ဘုဇိဿာ၊ သူတပါးကျွန်အဖြစ်မှ ကင်းလွတ်ကြသော သူတို့သည်။ အတ္ထ၊ ဖြစ်ကြကုန်၏လော။ ။

အာမ ဘန္တေ၊ ။

တုမှေ။ သင်တို့သည်။ အဏဏာ၊ သူတပါး ကြွေးမြီမရှိကြသော သူတို့သည်။ အတ္ထ၊ ဖြစ်ကြကုန်၏လော။ ။

အာမ ဘန္တေ၊ ။

တုမှေ၊သင်တို့သည်။ ရာဇဘဋာ၊ မင်းခစားယောကျ်ားတို့သည်။ နအတ္ထ၊ မဖြစ်ကြကုန်သလော။ ။

နအမှ ဘန္တေ။ ။

တုမှေ၊ သင်တို့သည်။ မာတာပိတူဟိ၊ မိဘတို့သည်၊ အနုညာတာ၊ ခွင့်ပြုအပ်သောသူတို့သည်၊ အတ္ထ။ ဖြစ်ကြကုန်၏လော၊ ။

အာမ ဘန္တေ။ ။

တုမှေ၊ သင်တို့သည်။ ပရိပုဏ္ဏဝီသတိဝဿာ၊ အသက်နှစ်ဆယ် ပြည့်ကြသောသူတို့သည်၊ အတ္ထ၊ ဖြစ်ကြကုန်၏လော။ ။

အာမ ဘန္တေ၊ ။

တုမှာကံ၊ သင်တို့အား။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ပြည့်စုံပြီလော။ ။

အာမ ဘန္တေ။ ။

တုမှေ၊ သင်တို့သည်။ ကိံနာမာ၊ အဘယ်အမည်ရှိကုန်သည်။ အတ္ထ၊ ဖြစ်ကြကုန်သနည်း။ ။

အဟံ ဘန္တေ နာဂေါနာမ။ ။

အဟံ ဘန္တေ ပါလောနာမ။ ။

(အမှာစကား။ ။ဤသို့ အသီးသီးဆို၍လျှောက်ကြား။ ။အမည်တူဖြစ်လျှင် တပြိုင်တည်းဆို၍ လျှောက်ကြား။ ။)

တုမှာကံ၊ သင်တို့၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကောနာမော၊ အဘယ်အမည်ရှိသနည်း။ ။

ဥပဇ္ဈာယော အမှာကံ ဘန္တေ အာယသ္မာ တိဿောနာမ။ ။

(တနည်း။ ။ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿောနာမ၊ ။

ဤသို့ဆို၍ လျှောက်ကြားလျှင်လည်းအပ်၏။ ။)

## ဩဝါဒကထာ ပါဠိ

တာဝဒေဝ ဆာယာ မေတဗ္ဗာ။ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ။ ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော။ သင်္ဂီတိ အာစိက္ခိတဗ္ဗာ။ စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ။ စတ္တာရိ အကရဏီယာနိ အာစိက္ခိတဗ္ဗာနိ။ ။

(၁) ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ။ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော သံဃဘတ္တံ။ ဥဒ္ဒေသဘတ္တံ။ နိမန္တနံ။ သလာကဘတ္တံ။ ပက္ခိကံ။ ဥပေါသထိကံ။ ပါဋိပဒိကံ။ ။

(၂) ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ။ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော ခေါမံ။ ကပ္ပာသိကံ၊ ကောသေယျံ၊ ကမ္ဗလံ၊ သာဏံ၊ ဘင်္ဂံ။ ။

(၃) ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ။ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော ဝိဟာရော၊ အၯယောဂေါ၊ ပါသာဒေါ၊ ဟမ္မိယံ၊ ဂုဟာ။ ။

(၄) ပူတိမုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ။ တတ္ထတေ ယာဝဇီဝံ ဥဿာဟော ကရဏီယော။ အတိရေကလာဘော သပ္ပိ။ နဝနီတံ၊ တေလံ၊ မဓု၊ ဖာဏိတံ။ ။

(၁) ဥပသမ္ပန္နေန ဘိက္ခုနာ မေထုနော ဓမ္မော နပ္ပဋိသေဝိတဗ္ဗော အန္တမသော တိရစ္ဆာနဂတာယပိ ယော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတိ။ အသမဏော ဟောတိ အသကျပုတ္တိယော။ သေယျထာပိ နာမ ပုရိသော သီသစ္ဆိန္နော အဘဗ္ဗော တေန သရီရဗန္ဓနေန ဇီဝိတုံ။ ဧဝမေဝ ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝိတွာ အသမဏော ဟောတိ အသကျပုတ္တိယော။ တံ တေ ယာဝဇီဝံ အကရဏီယံ။ ။

(၂) ဥပသမ္ပန္နေန ဘိက္ခုနာ အဒိန္နံ ထေယျသင်္ခါတံ န အာဒါတဗ္ဗံ အန္တမသော တိဏသလာကံ ဥပါဒါယ။ ယော ဘိက္ခု ပါဒံဝါ ပါဒါရဟံဝါ အတိရေက ပါဒံဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယတိ။ အသမဏော ဟောတိ အသကျပုတ္တိယော။ သေယျထာပိ နာမ ပဏ္ဍုပလာသော ဗန္ဓနာ ပမုတ္တော အဘဗ္ဗော ဟရိတတ္တာယ။ ဧဝမေဝ ဘိက္ခု ပါဒံဝါ ပါဒါရဟံဝါ အတိရေက ပါဒံဝါ

အဒိန္နံ ထေယျ သင်္ခါတံ အာဒိယိတွာ အသမဏော ဟောတိ အသကျပုတ္တိယော။ တံ တေ ယာဝဇီဝံ အကရဏီယံ။ ။

(၃) ဥပသမ္ပန္နေန ဘိက္ခုနာ သဉ္စိစ္စ ပါဏော ဇီဝိတာ န ဝေါရောပေတဗ္ဗော အန္တမသော ကုန္ထကိပိလ္လိကံ ဥပါဒါယ။ ယော ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေတိ အန္တမသော ဂဗ္ဘပါတနံ ဥပါဒါယ။ အသမဏော ဟောတိ အသကျပုတ္တိယော။ သေယျထာပိ နာမ ပုထုသိလာ ဒွေဓာ ဘိန္နာ အပ္ပဋိသန္ဓိကာ ဟောတိ၊ ဧဝမေဝ ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေတွာ အသမဏော ဟောတိ အသကျ ပုတ္တိယော၊ တံ တေ ယာဝဇီဝံ အကရဏီယံ။ ။

(၄) ဥပသမ္ပန္နေန ဘိက္ခုနာ ဥတ္တရိမနုဿဓမ္မော န ဥလ္လပိတဗ္ဗော။ အန္တမသော သုညာဂါရေ အဘိရမာမီတိ။ ယော ဘိက္ခု ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ ဈာနံ ဝါ ဝိမောက္ခံ ဝါ သမာဓိံ ဝါ သမာပတ္တိံ ဝါ မဂ္ဂံ ဝါ ဖလံ ဝါ၊ အသမဏော ဟောတိ အသကျပုတ္တိယော။ သေယျထာပိ နာမ တာလော မတ္ထကစ္ဆိန္နော အဘဗ္ဗော ပုန ဝိရုဠှိယာ။ ဧဝမေဝ ဘိက္ခု ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပိတွာ အသမဏော ဟောတိ အသကျပုတ္တိယော။ တံ တေ ယာဝဇီဝံ အကရဏီယံ။ ။

---

## ဩဝါဒကထာ အနက်

တာဝဒေဝ၊ ထိုပဉ္စင်းဖြစ်သောခဏ၌သာလျှင်။ ဆာယာ၊ အရိပ်ကို။ မေတဗ္ဗာ၊ နှိုင်းယှဉ်အပ်၏။ ဥတုပ္ပမာဏံ၊ ဥတု၏ပမာဏကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ဒိဝသဘာဂေါ၊ နေ့အဘို့ကို။ အာစိက္ခိတဗ္ဗော၊ ပြောကြားအပ်၏။ သင်္ဂီတိ၊ အပေါင်းကို။ အာစိက္ခိတဗ္ဗာ၊ ပြောကြားအပ်၏။(ဖဝါးကားဤမျှ၊ဥတုကား ဤမည်သောဥတု၊ နေ့ကား ဤမည်သော နေ့ဟု ပေါင်း၍ ကြားဟူလိုသတည်း)။ စတ္တာရော၊ လေးပါးကုန်သော။ နိဿယာ၊ မှီရာဖြစ်သော ပစ္စည်းတို့ကို။ အာစိက္ခိတဗ္ဗာ၊ ပြောကြားအပ်ကုန်၏။ စတ္တာရိ၊ လေးပါးကုန်သော။ အကရဏီယာနိ၊ မကျင့်အပ်သည်တို့ကို။ အာစိက္ခိတဗ္ဗာနိ၊ ပြောကြား အပ်ကုန်၏။ ။

ဇာတိ၊ ဤသို့။ ဝစနတော၊ ရှင်တော်ဘုရားဟောကြားမိန့်မှာတော်မူခြင်းကြောင့်။ တာဝ၊ ရှေးဦးစွာ၊ စတ္တာရော၊ လေးပါးကုန်သော။ နိဿယေ၊ မှီရာဖြစ်သော ပစ္စည်းတို့ကို။ အဟံ၊ ငါသည်။တေ၊ သင်ပဉ္စင်းသစ်အား။အာစိက္ခိဿံ၊ ပြောကြားပေအံ့။ ။

(၁) ပိဏ္ဍိယာလောပဘောဇနံ၊ သလုံး မြင်းခေါင်း၏ အစွမ်းဖြင့် ခံ၍ရသောဆွမ်းကို။နိဿာယ၊ မှီ၍။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သို့ရောက်အပ်၏။ တတ္ထ၊ ထိုသလုံးမြင်းခေါင်း၏ အစွမ်းဖြင့်ခံ၍ရသော ဆွမ်းကိုမှီ၍ ပဉ္စင်းဖြစ်ရာ၌။ တေ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော်ကိုယ်၌ တည် သ မျှ ကာ လ ပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ အတိရေကလာဘော၊ အလွန်လာဘ်ရှိမှုကား။ သံဃဘတ္တံ၊ သံဃာအားလှူသော ဆွမ်းသည်လည်းကောင်း။ ဥဒ္ဒေသဘတ္တံ၊ ညွှန်း၍ချသော ဆွမ်းသည်လည်းကောင်း။(တနေ့ ရှစ်ပါး ကိုးပါး တကျိပ် စသည် အလှည့်ချ၍ ရသောဆွမ်းကိုယူ)။နိမန္တနံ၊ ပင့်ဖိတ်သောဆွမ်းသည်လည်းကောင်း။ သလာကဘတ္တံ၊ စာရေးတံချ၍လှူသော ဆွမ်းသည်လည်းကောင်း။ ပက္ခိကံ၊ လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူ အပ် သော ဆွမ်းသည် လည်းကောင်း။ ဥပေါသထိကံ၊ ဥပုသ်နေ့၌ လှူအပ်သောဆွမ်းသည် လည်းကောင်း။ ပါဋိပဒိကံ၊ အထွက်တရက်နေ့၌ လှူ သော ဆွမ်းသည်လည်းကောင်း။ ကပ္ပတိ၊ အပ်၏။ ။

(၂) ပံသုကူလစီဝရံ၊ ပံ့သုကူသင်္ကန်းကို။ နိဿာယ၊ မှီ၍။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သို့ ရောက်အပ်၏။ ။တတ္ထ၊ထိုပံ့သုကူသင်္ကန်းကိုမှီ၍ ရဟန်းပြုရာ၌။ တေ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ။ သိက္ခာပုဒ်တော်ကိုယ်၌တည်သမျှ ကာလပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ အတိရေကလာဘော၊ အလွန်လာဘ်ရှိပါမူကား။ ခေါမံ၊ ခေါမချည်ဖြင့်ယက်သောသင်္ကန်းသည်လည်းကောင်း။ ကပ္ပါသိကံ၊ ဝါချည်ဖြင့်ယက်သော သင်္ကန်းသည်လည်းကောင်း။ ကောသေယျံ၊ ပိုးချည်ဖြင့်ယက်သော သင်္ကန်းသည်လည်းကောင်း။ ကမ္ဗလံ၊ လူမွေး သားရဲမွေးကိုထား၍ကြွင်းသော အမွေးတို့ဖြင့် ယက်အပ်သော ကမ္ဗလာသည်လည်းကောင်း။ သာဏံ၊ ပိုက်ဆံလျှော်ဖြင့်ယက်အပ်သော သင်္ကန်းသည်လည်းကောင်း။ဘင်္ဂံ၊ ခေါမစသော ငါးပါးစုံကိုရော၍ယက်သော သင်္ကန်းသည်လည်းကောင်း။ ဝါ၊ဘင်္ဂမည်သော လျှော်ချည်သင်္ကန်းသည်လည်းကောင်း။ ကပ္ပတိ၊ အပ်၏။ ။

(၃) ရုက္ခမူလသေနာသနံ၊ သစ်ပင်ရင်း တည်းဟူသော ကျောင်းကို။ နိဿာယ၊ မှီ၍။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သို့ ရောက်အပ်၏။ တတ္ထ၊ ထိုသစ်ပင်ရင်း တည်းဟူသော ကျောင်းကိုမှီ၍ ရဟန်းပြုရာ၌။ တေ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော်ကိုယ်၌ တည်သောမျှ ကာလပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ အတိရေကလာဘော၊ အလွန်လာဘ်ရှိပါမူကား။ ဝိဟာရော၊ နှစ်ဘက်စောင်းမိုးသော ကျောင်းသည်လည်းကောင်း။ အဍ္ဍယောဂေါ၊ တဘက်မိုးသော ကျောင်းသည်လည်းကောင်း။ ပါသာဒေါ၊ လေးထောင့်ပြဿဒ်သည်လည်းကောင်း။ ဟမ္မိယံ၊ ပြဿဒ်ဦးပြည်းသည်လည်းကောင်း။ ဂုဟာ၊ ဥမင်တောင်ခေါင်းသည်လည်းကောင်း။ ကပ္ပတိ၊ အပ်၏။ ။

(၄) ပူတိမုတ္တဘေသဇ္ဇံ၊ နွားကျင်ငယ် တည်းဟူသော ဆေးကို။ {ပုပ်သည်ဖြစ်၍ လွှတ်သော ဆေးကို}။ နိဿာယ၊ မှီ၍။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သို့ ရောက်အပ်၏။ တတ္ထ၊ ထိုပုပ်သည်ဖြစ်၍ လွှတ်သောဆေးကို မှီ၍ ရဟန်းပြုရာ၌။ တေ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော်ကိုယ်၌ တည်သမျှကာလပတ်လုံး။ ဥဿာဟော၊ အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ အတိရေကလာဘော၊ အလွန်လာဘ်ရှိပါမူကား။ သပ္ပိ၊ ထောပတ်သည်လည်းကောင်း။ နဝနီတံ၊ ဆီဦးသည်လည်းကောင်း။ တေလံ၊ ဆီသည်လည်းကောင်း။ မဓု၊ ပျားသည်လည်းကောင်း။ ဖာဏိတံ၊ တင်လဲသည်လည်းကောင်း။ ကပ္ပတိ၊ အပ်၏။ ။

စတ္တာရော၊ လေးပါးကုန်သော။ နိဿယေ၊ မှီရာဖြစ်သောပစ္စည်းတို့ကို။ အာစိက္ခိတွာ၊ ပြောကြားပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ စတ္တာရိ၊ လေးပါးကုန်သော။ အကရဏီယာနိ၊ မပြုကျင့်အပ်သောအမှုတို့ကို။ အဟံ၊ ငါသည်။ တေ၊ သင်ပဉ္စင်းသစ်အား။ အာစိက္ခိဿံ၊ ပြောကြားပေအံ့။ ။

(၁) ဥပသမ္ပန္နေန၊ မြင့်မြတ်သောပဉ္စင်းအဖြစ်သို့ ရောက်လေပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ မေထုနောဓမ္မော၊ မေထုန်အကျင့်ကို။ နပဋိသေဝိတဗ္ဗော၊ မမှီဝဲအပ်။ အန္တမသော၊ အယုတ်အားဖြင့်။ တိရစ္ဆာနဂတာယပိ၊ တိရစ္ဆာန်မိန်းမ၌လည်း။ နပဋိသေဝိတဗ္ဗော၊ မမှီဝဲအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ မေထုနံဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝတိ၊ မှီဝဲအံ့။ အဿမဏော၊ ရဟန်းမဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ သေယျထာပိနာမ၊ ဥပမာ မည်သည်ကား။ သီသစ္ဆိန္နော၊ ဦးခေါင်းပြတ်လေပြီးသော။ ပုရိသော၊ ယောက်ျားသည်။ တေန။

သီသေန။ ထိုဦးခေါင်းနှင့်။ သရီရဗန္ဓနေန' ကိုယ်ကိုစပ်သဖြင့်။ဇီဝိတံ၊ အသက်ရှည်အံ့သောငှါ။ အဘဗ္ဗောယထာ၊ မထိုက်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလည်းကောင်း။ ဘိက္ခု၊ ရဟန်းသည်။ မေထုနံဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝိတွာ၊ မှီဝဲခြင်းကြောင့်။ အသမဏော။ ရဟန်းမဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထို မေထုန်မှီဝဲသောအကျင့်ကို။ တေ တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော်ကိုယ်၌ တည်သမျှကာလပတ်လုံး၊ အကရဏီယံ၊ မပြုကျင့်အပ်။ ။

(၂) ဥပသမ္ပန္နေန၊ မြင့်မြတ်သောပဉ္စင်းအဖြစ်သို့ ရောက်လေပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အဒိန္နံ၊ အရှင်မပေးသော သူတပါးဥစ္စာကို။ ထေယျသင်္ခါတံ-ထေယျသင်္ခါတေန၊ ခိုးလိုသောစိတ်အဘို့ဖြင့်။ အန္တမသော၊ အယုတ်အားဖြင့်။ တိဏသလာကံ မြက် ဝါးခြမ်းစိတ်ကို။ဥပါဒါယ၊ အစပြု၍။ နအာဒါတဗ္ဗံ၊ မယူအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပါဒံဝါ၊ တမတ်သောဥစ္စာကိုလည်းကောင်း။ ပါဒါရဟံဝါ၊ တမတ်ထိုက်သော ဥစ္စာကိုလည်းကောင်း။ အတိရေကပါဒံဝါ၊ တမတ်ထက်ပိုလွန်သော ဥစ္စာကိုလည်းကောင်း။ အဒိန္နံ၊ အရှင်မပေးဘဲ။ အာဒိယတိ၊ယူအံ့။ အသမဏော၊ ရဟန်းမဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ သေယျထာပိနာမ၊ ဥပမာမည်သည်ကား။ ဗန္ဓနာ၊ အညှာမှ။ ပဝုတ္တော၊ လွတ်လေပြီးသော။ ပဏ္ဍုပလာသော၊ ဖက်ရွက်လျော်သည်။ ဟရိတတ္တာယ၊ တဘန်စိမ်းပြန်အံ့သောငှါ။ အဘဗ္ဗောယထာ၊ မထိုက်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလည်းကောင်း။ ဘိက္ခု၊ ရဟန်းသည်။ ပါဒံဝါ၊ တမတ်သော ဥစ္စာကိုလည်းကောင်း။ ပါဒါရဟံဝါ၊ တမတ်ထိုက်သော ဥစ္စာကိုလည်းကောင်း။ အတိရေကပါဒံဝါ၊ တမတ်ထက်ပိုလွန်သော ဥစ္စာကိုလည်းကောင်း။ အဒိန္နံ၊ အရှင်မပေးဘဲ။ ထေယျသင်္ခါတံ-ထေယျသင်္ခါတေန၊ ခိုးလိုသောစိတ်အဘို့ဖြင့်။ အာဒိယိတွာ၊ ယူခြင်းကြောင့်။ အသမဏော၊ ရဟန်းမဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအရှင်မပေးသော သူ့ဥစ္စာကို ယူခြင်းကို။ တေ တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ရှည်သမျှကာလပတ်လုံး။ အကရဏီယံ၊ မပြုကျင့်အပ်။ ။

(၃) ဥပသမ္ပန္နေန၊ မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်လေပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ သဉ္စိစ္စ၊ သေစေလိုသော စေတနာ ရှိသည် ဖြစ်၍။

ပါဏော၊ လူကို။ ဇိဝိတာ ဇီဝိတိန္ဒြေမှ။ နဝေါရောပေတဗ္ဗော၊ မချအပ်။ အန္တမသော၊ အယုတ်အားဖြင့်။ ကုန္ထကိပိလ္လိကံ၊ မြုံးနှကို။ ဥပါဒါယ၊ အစပြု၍။ နဝေါရောပေတဗ္ဗော၊ မချအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ သဉ္စိစ္စ၊ သေစေလိုသောစေတနာရှိသည်ဖြစ်၍။ မနုဿဝိဂ္ဂဟံ၊ လူ၏ကိုယ်ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချအံ့။ အန္တမသော၊ အယုတ်အားဖြင့်။ ဂဗ္ဘပါတနံ၊ ကိုယ်ဝန်ချဆေးကို။ ဥပါဒါယ၊ အစပြု၍။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချအံ့။ အသမဏော၊ ရဟန်းမဟုတ်သည်။ အသက္ယပုတ္တိယော၊ သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ သေယျထာပိနာမ။ ဥပမာမည်သည်ကား။ ပုထုသိလာ၊ ကျောက်ဖျာကြီးသည်။ ဒွိဓာ၊ နှစ်ဖြာ။ ဘိန္နာ၊ ကွဲလေပြီးသော။ အပ္ပဋိသန္ဓိကာ၊ တဘန်မစေ့စပ်နိုင်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလည်းကောင်း။ ဘိက္ခု၊ ရဟန်းသည်။ သဉ္စိစ္စ၊ သေစေလိုသောစေတနာရှိသည်ဖြစ်၍။ မနုဿဝိဂ္ဂဟံ၊ လူ၏ ကိုယ်ကို၊ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတွာ၊ ချခြင်းကြောင့်။ အသမဏော၊ ရဟန်းမဟုတ်သည်။ အသက္ယပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော်မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုလူ၏အသက်ကိုသတ်ခြင်းကို။ တေ-တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ရှည်သမျှကာလပတ်လုံး။ အကရဏီယံ၊ မပြုကျင့်အပ်။ ။

(၄) ဥပသမ္ပန္နေန၊ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်လေပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဥတ္တရိမနုဿဓမ္မော၊ လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက်လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို။ ဝါ၊ မြတ်သောလူဟု ဆိုအပ်သော ဈာနလာဘီအရိယာပုဂ္ဂိုလ်တို့၏တရားကို။ နဉလ္လပိတဗ္ဗော၊ မပြောဟောအပ်။ အန္တမသော၊ အယုတ်အားဖြင့်။ သုညာဂါရေ၊ ဆိတ်ငြိမ်ရာအရပ်၌။ အဘိရမာမီတိ၊ ငါအလွန်မွေ့လျော်၏ဟု။ နဉလ္လပိတဗ္ဗော၊ မပြောဟောအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပါပိစ္ဆော၊ ယုတ်မာသော အလိုရမ္မက်ရှိသည်ဖြစ်၍။ ဣစ္ဆာပကတော၊ အလိုရမ္မက်သည် နှိပ်စက်အပ်သည်ဖြစ်၍။ အသန္တံ၊ မိမိကိုယ်၌မရှိသော။ အဘူတံ၊ မဟုတ်မမှန်သော။ ဥတ္တရိမနုဿဓမ္မံ၊ လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက်လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို။ ဝါ၊ မြတ်သောလူဟု ဆိုအပ်သော ဈာ န လာ ဘီ အ ရိ ယာ ပု ဂ္ဂိုလ် တို့၏ တရားကို။ ဥလ္လပတိ၊ ပြောဟောမိအံ့။ ဈာနံဝါ၊ ဈာန်တရားကိုလည်း ကောင်း။ ဝိမောက္ခံဝါ၊ ဝိမောက္ခ တရားကိုလည်းကောင်း။ သမာပတ္တိံဝါ၊ သမာပတ် တရားကိုလည်း

ကောင်း။ မင်္ဂဝါ၊ မင်္ဂတရားကိုလည်းကောင်း။ ဖလံဝါ၊ ဖိုလ်တရားကိုလည်း ကောင်း။ ဥလ္လပတိ၊ ပြောဟောမိအံ့။ အသမဏော၊ ရဟန်းမဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသားဘုရားသားတော်မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ သေယျထာပိနာမ၊ ဥပမာမည်သည်ကား။ မတ္ထကစ္ဆိန္နော၊ လည်ဆစ်ပြတ်လေပြီးသော။ တာလော၊ ထန်းပင်သည်။ ပုန၊ တဘန်။ ဝိရုဠှိယာ၊ အညွန့်အညှောက် ပေါက်ခြင်းငှါ။ အဘဗ္ဗောယထာ၊ မထိုက်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလည်း ကောင်း။ ဘိက္ခု၊ ရဟန်းသည်။ ပါပိစ္ဆော၊ ယုတ်မာသော အလိုရမ္မက်ရှိသည် ဖြစ်၍။ ဣစ္ဆာပကတော၊ အလိုရမ္မက်သည် နှိပ်စက်အပ်သည်ဖြစ်၍။ အသန္တံ၊ မိမိကိုယ်၌မရှိသော။ အဘူတံ၊ မဟုတ်မမှန်သော။ ဥတ္တရိမနုဿဓမ္မံ၊ ဥတ္တရိမနုဿ ဓမ္မမည်သောတရားကို။ ဥလ္လပိတွာ၊ ပြောမိခြင်းကြောင့်။ အသမဏော၊ ရဟန်း မဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ် သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုသို့သောပြောဟောခြင်းကို။ တေ-တယာ၊ သင် ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ အကရဏီယံ၊ မပြုကျင့်အပ်။ ။